# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၉) ရက်၊ သောကြာနေ့ ၊ (25-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၁၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် အဖိတ်နေ့နှင့် ဥပုသ်နေ့များ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်း- စာမျက်နှာ-၂၀)



**နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ** စာမျက်နှာ - ၁၆

**(၁၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံနယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာဝန်ကြီးများ အဆင့်အစည်းအဝေး ကျင်းပ** စာမျက်နှာ - ၁၇


ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်
Exhibition Venue Award ရရှိခဲ့သော
မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်
ရတနာပုံ ခန်းမ



ရရှိနိုင်သောဝန်ဆောင်မှုများ
ဗိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်၊

ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၂၅ ရက်
အယ်ဒီတာ့အာဘော်

# အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုသည့် အကြီးမားဆုံးသော အထောက်အပံ့မှာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များဟု ဆိုရာတွင် အခြေခံအားဖြင့် အဓိကလုပ်ဆောင်ရမည့်အချက်မှာ ပညာစွမ်းရည်ပင်ဖြစ်သည်။

အနာဂတ်နိုင်ငံတော်ကို တည်ဆောက်မည့် ယနေ့လူငယ်များအနေဖြင့် ပညာစွမ်းရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် ပဓာနအကျဆုံးသော အချက်ပင်ဖြစ်သည်။ ပညာစွမ်းရည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အတန်းပညာများမြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသာမက အမှား၊ အမှန် စဉ်းစားဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာအဆင့်အတန်းပါ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ လူငယ်များသည် ပညာစွမ်းရည် အမှန်တကယ်တိုးတက်မြင့်မားနေကြသော်လည်း မိမိ၏ကိုယ်ပိုင်စွမ်းအားဖြင့် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာ စဉ်းစားဆင်ခြင်တုံတရားများ အားနည်းနေသေးသည်ကို တွေ့ရသည်။

ထို့ပြင် ယနေ့လူငယ်အများစုသည် စာပေလေ့လာမှုနည်းပြီး စာဖတ်စွမ်းရည်ကျဆင်းနေသည်ကိုလည်း တွေ့မြင်နေရသည်။ ထိုသို့ စာဖတ်အားနည်းသောလူငယ်များကို စာဖတ်အားကောင်းသော လူ့စွမ်းအားအရင်းအမြစ်လူငယ်များအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကူညီအားပေးနေကြရမည်ဖြစ်သည်။ စာဖတ်ခြင်းသည် စိတ်လေလွင့်မှုမရှိခြင်း၊ မကောင်းသောအတွေးအခေါ်များ မတွေးတောခြင်း၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်း စသည့်လက်ငင်းအကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သကဲ့သို့ နောင်အနာဂတ်တွင်လည်း ဉာဏ်ရည်မြင့်မားသော လူသားအရင်းအမြစ်များစွာ ပေါ်ပေါက်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ပေသည်။

ယခုအခါ နည်းပညာရပ်များ၏ အကျိုးကျေးဇူးကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသတော်တော်များများတွင် **Online** စာကြည့်တိုက်များ ပေါ်ထွန်းနေပြီဖြစ်သဖြင့် လူငယ်များ စာပေလေ့လာရာတွင် အခက်အခဲမရှိဘဲ လေ့လာသင်ယူနိုင်ပြီဖြစ်သည်။ သို့သော်လည်း တိုးတက်ပြောင်းလဲလာသော နည်းပညာရေးစီးကြောင်းထဲတွင် လူငယ်များအနေဖြင့် လွဲမှားသောသင်ယူမှုများဖြင့် နစ်မျောမနေဘဲ မိမိတို့အတွက် အကျိုးရှိပြီးဘဝမြှင့်တင်ပေးနိုင်သော အသိပညာဗဟုသုတများကို ရှာဖွေစုဆောင်းကာ ဘဝတိုးတက်ရေးအတွက် အကျိုးရှိစွာအသုံးချရန် လိုအပ်လှပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးအခြေအနေများကြောင့် လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအကျဆုံးဖြစ်သော လူငယ်များသည် အသိပညာဗဟုသုတမကြွယ်ဝခြင်း၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိဘဲ စိတ်ဓာတ်စွမ်းအားများ ကျဆင်းနေကြရသည်။ ထို့ကြောင့် လူငယ်များ၏ စိတ်ဓာတ်စွမ်းအားများ ပြန်လည်ရှင်သန်လာအောင် လုပ်ဆောင်ရမည်မှာ အဓိကကျသော တာဝန်တစ်ရပ်ဖြစ်ပေသည်။

သို့ဖြစ်ရာ ပညာစွမ်းရည်မြင့်မားခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအချက်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး လူငယ်များ၏ ပညာစွမ်းရည်မြင့်မားအောင် မြှင့်တင်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀ ပေါက်ဈေးရှိနေ

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးဈေးကွက်အတွင်း မုံရွာဘက်မှထွက်ရှိသည့်ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ဩဂုတ်လ တတိယပတ်မှစ၍ မုံရွာဘက်မှ ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှု များပြားကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မုံရွာဘက်ကထွက်တဲ့ကြက်သွန်နီတွေကို ကုန်သည်တွေတော်တော်များများ ဝယ်ယူနေကြတယ်။ အရည်အသွေးမကောင်းလို့ ပယ်ထားတဲ့ ကြက်သွန်နီတွေတောင် တစ်ပိဿာကို ငွေကျပ် ၁၉၀၀ ပေါက်ဈေးရှိနေပါတယ်"ဟုဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဩဂုတ်လပထမပတ်က မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းလာသဖြင့် ဩဂုတ် ၂၃ ရက် ပေါက်ဈေးအရ မုံရွာဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၇၅၀ ရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာတော့ လတ်တလော မုံရွာဘက်က ထွက်ရှိတဲ့ ကြက်သွန်နီက ဈေးအကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ မြင်းခြံဘက်ကထွက်ရှိတဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ် ပုံမှန်အတိုင်းပဲဖြစ်နေပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တောင်သမန်တံတားနှင့်အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ပြည်ပခရီးသွား ဩဂုတ်လတတိယပတ်မှစ၍ များပြားလာ



**မန္တလေး ဩဂုတ် ၂၄**

တောင်သမန်တံတားနှင့် အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား ဩဂုတ်လတတိယပတ်မှစ၍ များပြားလာကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

တောင်သမန်တံတားနှင့်အင်းမှာ မန္တလေးမြို့တွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသော နေရာများထဲမှ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ယခုလက်ရှိ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"အခု တောင်သမန်တံတားနဲ့ အင်းကို ပြည်တွင်းအပြင် နိုင်ငံခြားသားခရီးသွားဝင်ရောက်လည်ပတ်မှုက တော်တော်လေးများလာတယ်။ အခုလတ်တလော တောင်သမန်တံတားနဲ့အင်းကနေ နေဝင်ဆည်းဆာအလှကို လာရောက်ကြည့်ရှုရင်း အနားယူအပန်းဖြေတဲ့ ခရီးသွားတွေပြန်များလာပါတယ်" ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ ဩဂုတ်လ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၄၀၀ ကျော်သာရှိခဲ့သော်လည်း ဩဂုတ်လတတိယပတ်မှစ၍ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်ထိရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ငှက်လှေများဖြင့် ကြည့်ရှုနိုင်ရန် ငှက်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဩဂုတ် ၂၄**

မန္တလေး ကားဈေးကွက်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဗွစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ် ပွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများ အရောင်းအဝယ် ရှိနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးကွက်အတွင်း ယခင်ကကဲ့သို့ အရောင်းအဝယ်ဖြစ်နေမှုမျိုးမဟုတ်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိလာပြီး ကားဈေးနှုန်းများ တည်ငြိမ်စပြုလာကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူများထံမှ သိရသည်။

လုပ်ငန်းသုံးကား ၆၆၀ စီစီ မီနီထရပ်(ခွေးဘီလူး)ကားများမှ ဆူဇူကီး အမျိုးအစားများမှာ ငွေကျပ် သိန်း ၁၂၀ မှ သိန်း ၁၆၀ ခန့်၊ ဟိုက်ဂျက်အမျိုးအစားမှာ ငွေကျပ် သိန်း ၁၃၀ မှ သိန်း ၁၈၀ ခန့် ဈေးရှိနေပြီး ငွေကျပ်သိန်း ၁၅၀ ခန့် ခွေးဘီလူးကားများ ပို၍လူကြိုက်များကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် အသစ်ဘီးများ ဝင်ရောက်မှုမရှိသလောက် နည်းပါးနေမှုကြောင့် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်း အမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထိုသို့ တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ရှိလာသော်လည်း ဝယ်ရောင်းများအနေဖြင့် ရောင်းချလိုသူများထံမှ အမြင့်ဈေးတန်းများဖြင့် ဝယ်ယူနေခြင်းကြောင့် ဈေးမြင့်တက်နေကြောင်း၊ အသစ်ဘီးများမှာ အဝယ်နည်းပြီး အရောင်းအဝယ် အေးနေဆဲဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၅သိန်းခန့်၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၅ သိန်း၊ Scoopy i ဘီးများမှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၃ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၉ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောက်ပြန်-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် တောင်ကုန်း(သစ်ချို)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကုန်း(သစ်ချို)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးအောင်၊ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက တောင်ကုန်း(သစ်ချို)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

သဲကုန်းမြို့နယ် တောင်ကုန်း(သစ်ချို)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၄ ဒသမ ၈၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၄၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၄ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးကို ငွေကျပ် ၁ ဒသမ ၂၇ သန်း စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၉၂ ဦးကို ငွေကျပ် ၃၈ ဒသမ ၉၃ သန်း ထုတ်ချေးပေးထားကာ အဆိုပါ စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

**သန္တာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၆၂ ဘီလမ်း၊ ၄၁ အေလမ်းနှင့် ၄၃ လမ်းကြားနေ ဒေါ်တင်တင်လတ် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်နှင့်တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၃၇၅၈၀ စိုက်ပျိုးသွားမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၃၇၅၈၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးရန် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ၁၂၈၂၂ ဧက၊ နှမ်း ၁၁၇၄၆ ဧက၊ မုန်ညင်း ဧက ၂၂၀၊ နေကြာဧက ၁၀၉၅၀၊ ပန်းနှမ်း ၁၈၄၂ ဧက စုစုပေါင်း ဧက ၃၇၅၈၀ တို့ဖြစ်ကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ မနှစ်က ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာတော့ ဆီထွက်သီးနှံဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ နေကြာဆိုရင် အဓိက ဆောင်းမှာပဲ စိုက်ကြပါတယ်။ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံလျာထားဧက ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းစိုက်ပျိုး ထုတ်လုပ်ရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနံ့ဧက ၃၈၁၆၀ စိုက်ပျိုးရန် လျာထားပြီး မြေပဲဧက ၂၃၇၀၀၊ နှမ်း ၁၀၇၂၅ ဧက၊ ပန်းနှမ်းဧက ၂၂၀၀၊ နေကြာဧက ၁၀၉၅၀ နှင့် မုန်ညင်းဧက ၁၆၀ စုစုပေါင်း ၄၈၇၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မိတ္ထီလာမြို့နယ် ဖက်တောကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ဖက်တောကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ဖက်တောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၃ ဦးကို ငွေကျပ် ၃၃၉ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းအခမ်းအနားသို့ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် ဝန်ထမ်းများ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# မြစ်ကြီးနားမြို့နယ်တွင် VDP စီမံကိန်းစီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်(AVIP) သင်တန်းဖွင့်

**မြစ်ကြီးနား ဩဂုတ် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာကော်မတီဝင်များအတွက် VDP စီမံကိန်း စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၃ ရက်က မြစ်ကြီးနားမြို့ အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှက သင်တန်းဖွင့်လှစ်ပို့ချရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကော်မတီဝင်များ၏ တာဝန်များ၊ ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ဦးစားပေး အစီအစဉ်အလိုက်ဖော်ထုတ်ပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ် တစ်ရပ်ဖော်ဆောင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စာတမ်းရေးဆွဲခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအဆိုပြုလွှာတင်ပြခြင်း ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ၊ AVIP ဖွံ့ဖြိုးရေးအစီအစဉ်နှင့် စာရင်းထိန်းသိမ်းနည်း၊ ကျေးရွာအဆင့် ခေါင်းဆောင်မှု သင်ခန်းစာများကို သင်ကြားပို့ချသည်။

ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်းစီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲရေးအစီအစဉ်သင်တန်းသို့ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၆၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီမံကိန်းဆိုင်ရာဘာသာရပ်များကို ဩဂုတ် ၂၃ ရက်မှ ယနေ့ထိ နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **ကျော်ဇောဦး(မောရှမ်းမြေ)**



# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မအူပင်မြို့နယ်တွင် ပေါ်ဆန်းမွှေးစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၅၀၀၀၀ ထိ ဈေးကောင်းရရှိနေ

**မအူပင် ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ပေါ်ဆန်းမွှေးစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၅၀၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။



မအူပင်မြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့်ဇူလိုင်လက ပေါ်ဆန်းမွှေးစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၂၁၂၀၀၀၀ သာဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ပေါ်ဆန်းမွှေးစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၅၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါပေါ်ဆန်းမွှေးစပါး ဈေးကောင်းလာခြင်းသည် စပါး လက်ကျန်နည်းနေခြင်းနှင့် ရန်ကုန်ဈေးကွက်ဝယ်ယူမှုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ကျန်စပါးတွေနည်းပြီး ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေလို့ ဈေးကောင်းနေတာဖြစ်ပါတယ်။ အခုပေါ်ဆန်းမွှေးစပါး တင်း ၁၀၀ ကို ငွေကျပ် ၂၅၅၀၀၀၀ ထိ ဈေးပေါက်နေပါတယ်"ဟု ဒေါ်ချယ်ရီက ပြောပြသည်။

မအူပင်မြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဆန်နှင့်စပါးများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရာ ပေါ်ဆန်းမွှေးစပါးမှာတစ်ရက်လျှင်တင်း ၅၀၀ မှ ၁၅၀၀ ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

လိုက်နာကြသင့်သည်။ ၁၃၇၄ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက် (၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက် အင်္ဂါနေ့)က ဗန်းမော်ဆရာတော်ကြီး၏ သာရဏီယသြဝါဒကထာကို တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူပြည်သူ အပေါင်းထံသို့ ထုတ်လွှင့်ပေးခဲ့သည့်အပြင် ပုံနှိပ်ထုတ်ဝေပေးခဲ့သည်။

မြတ်ဗုဒ္ဓ သက်ရှိထင်ရှားရှိစဉ်က ကပိလဝတ်ပြည်သားများနှင့် ကောလိယပြည်သားတို့သည် လယ်ရေသွင်းမည့် ရောဟဏီမြစ်ရေကို အကြောင်းပြု၍ နှစ်ပြည်ထောင်မင်းတို့ စစ်ဆင်ရန်ထိ အခြေအနေတင်းမာလာခဲ့ကြရာ ဗုဒ္ဓဘုရားရှင်က ဇာတ်တော်များနှင့် သာဓကဆောင်၍ ဟောကြားဆုံးမတော်မူခဲ့သည်။ ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုလာ ဖန္ဒနဇာတ်တော်တွင် ဝက်ဝံတစ်ကောင်သည် ကြို့ပင်ကြီးတစ်ပင်အောက်၌ အိပ်ပျော်နေစဉ် ကြို့ကိုင်းခြောက်ကျိုးကျပြီး ဝက်ဝံ၏နောက်ကျောကုန်းကို ထိမှန်ခဲ့ရာ ဝက်ဝံက ကြို့ပင်စောင့်နတ်၏လက်ချက်ဟု ထင်မှတ်လျက် ရန်ငြိုးထားခဲ့သည်။ ဝက်ဝံသည် ထိုရန်ငြိုးဖြင့် ရထားလုပ်မည့်လက်သမားများနှင့်တွေ့ဆုံခိုက် ရထားလုပ်ရန်အတွက် ကြို့ပင်သားသည်အခိုင်ခံ့ဆုံးဖြစ်ကြောင်းအကြံပေးခဲ့သည်။ ကြို့ပင်စောင့်နတ်ကလည်း တစ်ဖန်ပြန်လည်၍ ဝက်ဝံအကျိုးယုတ်စေရန် ရထားအကွပ်ကို သံပြားအစားဝက်ဝံသားရေဖြင့်ရစ်ပတ်လျှင် ပိုမိုခိုင်ခံ့ကြောင်း လက်သမားများကို အကြံပြုခဲ့သည်။ လက်သမားများက ဝက်ဝံကိုသတ်ပြီး ကြို့ပင်ကို ခုတ်လှဲကာ ရထားလုပ်ခဲ့ကြသဖြင့် ရန်ငြိုးထားခဲ့ကြသော ဝက်ဝံက သေဆုံးခဲ့ရပြီး ကြို့ပင်စောင့်နတ်က ဘုံပျောက်ခဲ့ရသည်။

ကဎ္ဍကိကဇာတ်တော်လာ အားကြီးသော ဆင်ရိုင်းကြီးတစ်ကောင်သည် တောင်းပန်နေသည့်ကြားမှ မညှာမတာ၊ ရက်စက်စွာ နှံစုတ်ငှက်ငယ်၏ သားငယ်များကို ခြေထောက်ဖြင့် နင်းခြေသတ်ဖြတ်ပြီး ကျင်ငယ်ရေဖြင့် မျောပါသွားအောင် ရက်စက်ခဲ့သည်။ နှံစုတ်ငှက်ငယ်သည် ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့နှင့် မိတ်ဆွေဖွဲ့အကူအညီတောင်းခံပြီး လက်စားချေခဲ့သည်။ ကျီးကန်းက ဆင်ရိုင်းကြီး၏မျက်လုံးအစုံကို ထိုးဖောက်ပေးခဲ့ပြီး ယင်မမဲရိုင်းက ထိုဒဏ်ရာရထားသောမျက်လုံးများထဲသို့ ပိုးလောက်လမ်းများကို ထည့်ပေးခဲ့သည်။ ဆင်ကန်းကြီးဖြစ်သွားသော ဆင်ရိုင်းကြီး၊ ရေငတ်၍ ရေကိုစမ်းတဝါးဝါးရှာဖွေနေစဉ် ဖားက တောင်ထိပ်မှအော်သံပေးခဲ့သည်။ ဆင်ကန်းကြီးက ဖားအော်သံကြောင့် ရေရှိမည်အထင်နှင့် တောင်ထိပ်သို့တက်လာခဲ့သည်။ ဖားက တောင်ကမ်းပါးယံဘက်သို့ရွှေ့၍ အော်သံပေးခဲ့ရာ အသံကြားရာလိုက်ပါရင်း ဆင်ကန်းကြီး ကမ်းပါးယံမှ လျှောကျကာ မရှုမလှသေဆုံးသွားခဲ့ရသည်။

မြတ်ဗုဒ္ဓ၏ဟောပြောညွှန်ပြ တရားဓမ္မအနှစ်ချုပ်မှာ တန်ပိုးနည်းပါးသောရေကြောင့် ပဋိပက္ခပြဿနာများဖြစ်ပွားရပုံ၊ ရန်ငြိုးထားခဲ့သောကြောင့် ဝက်ဝံသေဆုံးရပြီး ကြို့ပင်စောင့်နတ်၏သစ်ပင်ဘုံဗိမာန်ပျက်စီးရပုံ၊ အားကြီးသည်ကိုအကြောင်းပြုကာ အနိုင်ကျင့်ခဲ့သဖြင့် ဆင်ရိုင်းကြီးသေကျေပျက်စီးရပုံတို့ကို ဆင်ခြင်သုံးသပ်သံဝေဂရစေနိုင်သည်။

**"ဗန်းမော်ဆရာတော်ကြီး"**က-

"မြန်မာနိုင်ငံ၏ရေမြေတွင်မွေးဖွားပြီး မြန်မာနိုင်ငံရေမြေတွင် ကြီးပွားကာ မြန်မာနိုင်ငံ၏မြေမှာပင် ဘဝနိဂုံးအဆုံးသတ်ကြမည့် ပြည်သူ၊ ပြည်သား ဘာသာဝင်ရဟန်းရှင်လူအများတို့သည် မိမိတို့၏စိတ်နှလုံးတွင် လောင်မြိုက်နေကြသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသည့် ငြိမ်းချမ်းရေးအသိတရား၊ မေတ္တာရေစင်ဖြင့် အတူတကွသွန်းလောင်းကြကာ တစ်ဦးက တစ်ဦးအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဗြဟ္မစိုရ်တရားများ ပွားများနိုင်ကြပါစေကြောင်း ဆန္ဒလောင်းလျက် သာရဏီယသြဝါဒတရား ချီးမြှင့်လိုက်ပါသတည်း"ဟု သာရဏီယသြဝါဒကို နိဂုံးချုပ်လမ်းညွှန်ခဲ့သည်။

ဆရာတော်ကြီး၏ သာရဏီယသြဝါဒကထာသည် ငြိမ်းချမ်းရေးကို လမ်းညွှန်သည့်တရားဖြစ်သည့်အပြင် ဗြဟ္မစိုရ်တရားလေးပါးနှင့် အကျုံးဝင်နေသော မေတ္တာအခါတော်လ၊ မေတ္တာအခါတော်နေ့နှင့်လည်း ဆက်စပ်ထပ်တူကျနေသဖြင့် ကပ်ကြီးသုံးပါးနှင့် ရင်ဆိုင်နေကြရသော တိုင်းရင်းသားပြည်သူများအနေဖြင့် မေတ္တာလက်နက်ကိုယ်စီဖြင့် ခုခံကာကွယ်အနိုင်ယူသွားကြစေချင်သည်။

**"နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး"**
**"မိတ်ဆွေရင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး"**
**"အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေရပ်ရွာသုံး"**
**"မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူ့နတ်အချစ်ဆုံး"**
**"မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး"**

**"ရွှေကျင်သာသနာပိုင် ဓကင်းဆရာတော်"**၏ အေးစေမြဲစေ မေတ္တာရေဖြင့် လောဘမီး၊ ဒေါသမီး၊ မောဟမီးများကို ငြိမ်းသတ်နိုင်ကြပါစေ။

## မြန်ပြည်အလှ

\- ရွှေပင်လယ် ကမ်းအလှနှင့်
လျှမ်းပသည့် တို့မြန်ပြည်၊
ရိုးမလေးတန် မြစ်လေးစင်းနှင့်
သွေးချင်းတို့မြေ၊
မြတ်ဗုဒ္ဓ သရီအမွေ
စေတီတွေ အထင်အရှား၊
အလုပ်ရုံ
ထုတ်မကုန် သယံဇာတလည်း
ကြွယ်ဝပေါများ။

\- အလံတော် ဝင့်ဝင့်ကြွားနှင့်
ဂုဏ်မြင့်မားသည့် တို့မြန်ပြည်၊
မင်္ဂလာ ကျက်သရေတိုးလို့
တန်ခိုးထက်နေ၊
စီးပွားရေး အဆင်ပြေ
ဝင်ငွေမှာ ဒီရေအလား၊
မှန်စွာအတည်
မြန်မာပြည် အဆင့်အတန်းရယ်က
တင့်ဆန်းကျော်ကြား။

\- သွေးချင်းညီနောင် တစ်သုံးငါးတို့
ရစ်ထုံးထားသည့် တို့မြန်ပြည်၊
ဗြဟ္မစိုရ် မေတ္တာတရားကြောင့်
ချစ်သဒ္ဓါများဝေ၊
ဘယ်သူဖျက်ဖျက် မပျက်ပေ
တစ်သက်အရှည် စည်းလုံးထား၊
ဂန္ထဝင်
ရာဇဝင် ကြေးမုံအလှနှင့်
မြန်မာ့ရဲ့အား။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# ကွတ်ခိုင်မြို့နယ် ၃၈ မိုင် မန်ပြိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကွတ်ခိုင် ဩဂုတ် ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၃၈ မိုင် မန်ပြိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် မြို့နယ် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ၃၈ မိုင် မန်ပြိန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စေရန်၊ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားသည်။

ကွတ်ခိုင်မြို့နယ် ၃၈ မိုင် မန်ပြိန်းကျေးရွာလမ်း အရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၉၄၅၀၀၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းပြီးစီးပြီဖြစ်၍ ကျေးရွာရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# နိုင်ငံတကာ သတင်းများ

## ဝဂ္ဂနာခေါင်းဆောင် လိုက်ပါသွားသည့်လေယာဉ် ရုရှားနိုင်ငံ မော်စကိုမြောက်ပိုင်း၌ ပျက်ကျ

**မော်စကို ဩဂုတ် ၂၄**

ရုရှားပုဂ္ဂလိက လက်နက်ကိုင်အုပ်စုဖြစ်သည့် ဝဂ္ဂနာအုပ်စု ခေါင်းဆောင် ယက်ဗ်ဂျင်နီပရီဂိုဇင် လိုက်ပါသွားသည့် လေယာဉ်သည် ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် မော်စကိုမြို့မြောက်ပိုင်း၌ ပျက်ကျခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘရာဇီးနိုင်ငံထုတ် အမ်ဘရေရာ အမျိုးအစား အဆိုပါလေယာဉ် ပျက်ကျမှုကြောင့် လေယာဉ်မှူး သုံးဦးအပါအဝင် လိုက်ပါသွားသူ ၁၀ ဦးစလုံး အသက်ရှင်ခြင်းမရှိခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယင်းလေယာဉ်ပေါ်တွင် ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင်နှင့် ဝဂ္ဂနာထိပ်တန်းတပ်မှူး ခြောက်ဦးလိုက်ပါသွားကြောင်း သိရသည်။

ပရီဂိုဇင်လိုက်ပါသွားသည့် ယင်းလေယာဉ်သည် မော်စကိုမြို့မှ စိန့်ပီတာစဘတ်မြို့သို့ ပျံသန်းနေစဉ် တီဗာဒေသ ကျေးရွာတစ်ရွာအနီးပျက်ကျခဲ့ခြင်းဖြစ်သည်။

ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင်သေဆုံးမှုနှင့်ပတ်သက်၍ ရုရှားအစိုးရနှင့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနတို့က တစ်စုံတစ်ရာ တုံ့ပြန်မှုမျိုး တရားဝင်မပြုလုပ်သေးကြောင်း သိရသည်။

ပရီဂိုဇင်သေဆုံးမှုကြောင့် ဝဂ္ဂနာအုပ်စုမှာ ခေါင်းဆောင်မဲ့ခဲ့ရပြီးဖြစ်ရာ အာဖရိကတိုက်နှင့် အခြားကမ္ဘာ့နေရာများ၌ဖော်ဆောင်မည့် ဝဂ္ဂနာအုပ်စု၏ အနာဂတ်လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ မေးခွန်းများ ပေါ်ထွက်လာခဲ့ရကြောင်း သိရသည်။

KKO

## ပြည်ပသို့ သကြားတင်ပို့ရောင်းချမှုကို အိန္ဒိယနိုင်ငံ စတင်ပိတ်ပင်ဖွယ်ရှိ

**ဒေလီ ဩဂုတ် ၂၄**

အိန္ဒိယနိုင်ငံသည် ယခုနှစ် အောက်တိုဘာလတွင် စတင်မည့် ကြံစိုက်ရာသီမှစ၍ ပြည်ပသို့သကြား တင်ပို့ရောင်းချမှုကို စတင်ပိတ်ပင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

မိုးနည်းပါးမှုနှင့်အတူ ကြံအထွက်နှုန်းကျဆင်းခဲ့မှုကြောင့် အိန္ဒိယအစိုးရအနေဖြင့် ခုနစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြည်ပသို့သကြားတင်ပို့မှုကိုပိတ်ပင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကမ္ဘာ့ဈေးကွက်သို့ သကြားတင်ပို့မှုကိုပိတ်ပင်ခဲ့ပါက ဈေးကွက်အတွင်း သကြားဈေးနှုန်းများပို၍ မြင့်တက်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

အိန္ဒိယနိုင်ငံသည် စက်တင်ဘာ ၃၀ ရက်တွင်ကုန်ဆုံးမည့် ပို့ကုန်ရာသီအတွက် ပြည်ပသို့သကြား တန်ချိန် ၆ ဒသမ ၁ သန်းထိကိုသာ တင်ပို့ခွင့်ပြုထားသည်။

ယခုနှစ် မုတ်သုံရာသီအတွင်း အိန္ဒိယနိုင်ငံ၏ အဓိကကြံစိုက်ဒေသများဖြစ်ကြသည့် မဟာရက်ရှ်တြပြည်နယ်နှင့် ကာနာတာကာပြည်နယ်တို့၌ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်းအောက်သာ မုတ်သုံမိုးရေကို ရရှိခဲ့သည်။

အဆိုပါ ပြည်နယ်နှစ်ခု၏ သကြားထုတ်လုပ်မှု ပမာဏသည် အိန္ဒိယတစ်နိုင်ငံလုံး သကြားထုတ်လုပ်မှုပမာဏ၏ ထက်ဝက်ကျော်နှင့်ညီမျှကြောင်း သိရသည်။KKO



## နိုင်ငံပေါင်း ခြောက်နိုင်ငံကို အဖွဲ့ဝင်သစ်များအဖြစ် ဖိတ်ခေါ်ရန် ဘရစ်အုပ်စုဆုံးဖြတ်




**ဂျိုဟန်နက်စဘတ် ဩဂုတ် ၂၄**

အီရန်နှင့် ဆော်ဒီအာရေဗျအပါအဝင်နိုင်ငံပေါင်းခြောက်နိုင်ငံကို အဖွဲ့ဝင်သစ်များအဖြစ်ဖိတ်ခေါ်ရန် ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်)က ဆုံးဖြတ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရစ်အုပ်စုအနေဖြင့် အာဂျင်တီးနား၊ အီဂျစ်၊ အီရန်၊ အီသီယိုးပီးယား၊ဆော်ဒီအာရေဗျနှင့်အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)တို့ကို အဖွဲ့ဝင်သစ်များအဖြစ် ဖိတ်ခေါ်မည်ဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ရာမဖိုဆာက ယနေ့တွင် အတည်ပြုကြေညာထားသည်။

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်ထိကျင်းပခဲ့သည့် ဘရစ်ထိပ်သီးညီလာခံတွင် ဘရစ်အုပ်စုခေါင်းဆောင်များသည် အဖွဲ့ဝင်အင်အားတိုးချဲ့ရေး အစီအစဉ်ကို ဦးစားပေးဆွေးနွေးခဲ့ကြသည်။

ဘရစ်အဖွဲ့ အဖွဲ့ဝင်အင်အားတိုးချဲ့ရေးကို အဖွဲ့ဝင်နိုင်ငံသားများက တရားဝင်ထောက်ခံထားသော်လည်း အဖွဲ့ဝင်အင်အားမည်မျှထိ တိုးချဲ့မည်၊ မည်မျှအချိန်ယူမည် ဟူသောအချက်များနှင့် ပတ်သက်၍ အမြင်ကွဲပြားနေဆဲဖြစ်သည်။

ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးအတွက် ကမ္ဘာ့နိုင်ငံပေါင်း ၄၀ကျော်တို့က စိတ်ဝင်စားနေသည်။

ဂျိုဟန်နက်စဘတ် ဘရစ်ထိပ်သီးညီလာခံသို့ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဘရာဇီး၊ တောင်အာဖရိကနှင့် အိန္ဒိယ ခေါင်းဆောင်များ လူကိုယ်တိုင်တက်ရောက်ခဲ့ကြပြီး ရုရှားသမ္မတပူတင်ကမူ ဗီဒီယိုကွန်ဖရင့်နည်းဖြင့် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

KKO

## ထိုင်းဝန်ကြီးချုပ်သစ် ဆရက်သာ သာဗီစင် ဝန်ကြီးချုပ်ဟောင်း ပရာယုဒ်ချန်အိုချာနှင့်တွေ့ဆုံဆွေးနွေး

**ဗန်ကောက် ဩဂုတ် ၂၄**

ထိုင်းဝန်ကြီးချုပ်သစ် ဆရက်သာ သာဗီစင်သည် ယနေ့တွင် ဝန်ကြီးချုပ်ဟောင်း ပရာယုဒ်ချန်အိုချာနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ထိုင်းနိုင်ငံ၌ ပေါ်ပေါက်နေသည့် နိုင်ငံရေးအမြင်ကွဲလွဲမှုများကို ကျော်လွှားရေးအတွက်ဆွေးနွေးရန် ဝန်ကြီးချုပ်ဟောင်း ပရာယုဒ်ချန်အိုချာနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်သစ် ဆရက်သာ သာဗီစင်က ပြောကြားခဲ့သည်။

ဖေ့ထိုင်းပါတီကို ကိုယ်စားပြုထားသည့် ဆရက်သာ သာဗီစင်ကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပခဲ့သော ထိုင်းလွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေးက ထိုင်းဝန်ကြီးချုပ်သစ်အဖြစ် မဲခွဲရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၌ ပေါ်ပေါက်နေသည့် နိုင်ငံရေးအမြင် ကွဲပြားမှု ပြဿနာကို ဆွေးနွေးပွဲတစ်ပွဲကျင်းပရုံဖြင့် ဖြေရှင်းနိုင်မည်မဟုတ်ဘဲ အချိန်ယူဖြေရှင်းရန် လိုကြောင်း ပရာယုဒ်ချန်အိုချာနှင့် တွေ့ဆုံပြီးနောက် ဝန်ကြီးချုပ်သစ် ဆရက်သာ သာဗီစင်က ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဝန်ကြီးချုပ် ဆရက်သာ သာဗီစင်သည်ဖေ့ထိုင်းအပါအဝင် ပါတီ ၁၁ ပါတီ ပါဝင်မည့် ညွန့်ပေါင်းအစိုးရအဖွဲ့ဖွဲ့စည်းရေးအတွက် ပြင်ဆင်လျက်ရှိသည်။

ယနေ့ဆွေးနွေးပွဲတွင် စိတ်ရှည်သည်းခံရန်နှင့် နိုင်ငံနှင့်ဘုရင်စနစ်ကိုကာကွယ်ရန် ပရာယုဒ်ချန်အိုချာက အကြံပေးခဲ့သည်ဟု ဆရက်သာ သာဗီစင်က ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ဖူကူရှီးမားနျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေဆိုးများကို ဂျပန်နိုင်ငံ စတင်စွန့်ထုတ်

**တိုကျို ဩဂုတ် ၂၄**

မြေငလျင်နှင့် ဆူနာမီကပ်ဘေးဒဏ်တို့ကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမား နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေဆိုးများကိုဂျပန်နိုင်ငံက ယနေ့တွင် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်းသို့ စတင်စွန့်ထုတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ၏ အဆိုပါလုပ်ရပ်ကိုတုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက ဂျပန်နိုင်ငံမှ ရေလုပ်ငန်းထုတ်ကုန်အားလုံး တင်သွင်းမှုကို ပိတ်ပင်လိုက်ကြောင်း သိရသည်။

ဂျပန်နိုင်ငံမှ တင်သွင်းသည့် စားသောက်ကုန်များနှင့်စိုက်ပျိုးရေးထုတ်ကုန်များ၌ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည် ညစ်ညမ်းမှုများရှိနေမည့်အရေးကို မိမိတို့အထူးစိုးရိမ်ကြောင်း တရုတ်အကောက်ခွန်ဌာနက သတင်းထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံက စွန့်ထုတ်ခဲ့သည့် ရေဆိုးများသည် မြေငလျင်နှင့် ဆူနာမီဒဏ်တို့ကြောင့် အတွင်းပိုင်းအပူလွန်ကဲခဲ့ရသည့် ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖို သုံးလုံးကို အအေးဓာတ်ပေးရာတွင် အသုံးပြုခဲ့သောရေများဖြစ်သည်။


ဖူကူရှီးမားနျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀၁၁ ခုနှစ် မြေငလျင်နှင့် ဆူနာမီကပ်ဘေးတို့ကြောင့် ပျက်စီးခဲ့ရပြီး နျူကလီးယားဓာတ်ပေါင်းဖိုများ အပူလွန်ကဲခဲ့ရာ ရေတန်ချိန် တစ်သန်းကျော်ထိသုံး၍ ယင်းဓာတ်ပေါင်းဖိုများကို အအေးဓာတ်ပေးထားခဲ့ရသည်။

ရေဒီယိုသတ္တိကြွပစ္စည်းအများစုကိုစစ်ထုတ်ထားသည့်အဆိုပါရေဆိုးများကို စွန့်ပစ်ခြင်းသည် အဆိုပါစက်ရုံကို ဖျက်သိမ်းရေးအတွက် ပထမဆုံး ခြေလှမ်းဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## XRISM အမည်ရှိ X-Ray ရောင်ခြည်လေ့လာရေးဂြိုဟ်တုကို ဩဂုတ် ၂၆ ရက်တွင် နာဆာ လွှတ်တင်မည်



**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် XRISM အမည်ရှိ X-Ray ရောင်ခြည် လေ့လာရေးဂြိုဟ်တုကို ဩဂုတ် ၂၆ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

XRISM ဂြိုဟ်တုကို နာဆာ၊ ဥရောပ အာကာသအေဂျင်စီနှင့် ဂျပန် အာကာသအေဂျင်စီတို့ ပူးပေါင်း တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုကို ဂျပန်နိုင်ငံ မစ်ဆူဘီရှီကုမ္ပဏီ၏ အိတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က ကြေညာထားသည်။

လွှတ်တင်ပြီးချိန်တွင် XRISM ဂြိုဟ်တုသစ် အပြင်းထန်ဆုံး အာကာသပေါက်ကွဲမှုကြီးများမှ ထုတ်လွှင့်တတ်သည့် X-Ray ရောင်ခြည်များကို လေ့လာမည်ဖြစ်သည်။

အလေးချိန်ကီလိုဂရမ် ၂၃၀၀ ရှိသည့် XRISM ဂြိုဟ်တု၏မစ်ရှင်သက်တမ်းကို သုံးနှစ်သတ်မှတ်ထားကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

XRISM ဂြိုဟ်တုသည် လွှတ်တင်ပြီးချိန်တွင် ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုမီတာ ၅၅၀ ဝန်းကျင်ရှိ ပတ်လမ်းပေါ်တွင် နေရာယူ၍ စကြဝဠာ စူးစမ်းလေ့လာရေး လုပ်ငန်းများစတင်မည်ဖြစ်ကြောင်း သိရသည်။

KKO

## တိုင်ရန်နိုဆောရပ်စ်များက သေးငယ်သောလက်တံများပိုင်ဆိုင်ထား ဒိုင်နိုဆောများ၏လက်တံမှာ တိုင်ရန်နိုဆောရပ်စ်များထက်ပင် ပိုသေးငယ်


**ဆစ်ဒနီ ဩဂုတ် ၂၄**

တိုင်ရန်နိုဆောရပ်စ် ခေါ် ဒိုင်နိုဆောများသည် သေးငယ်သောလက်တံများ ပိုင်ဆိုင်ထားပြီး ၎င်းတို့မှတစ်ဆင့် ဆင့်ပွားပေါ်ထွက်လာသော ဒိုင်နိုဆောများ၏လက်တံမှာ တိုင်ရန်နိုဆောရပ်စ်များထက်ပင် ပိုသေးငယ်ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဩစတြေးလျနိုင်ငံ ဘတ်သ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် တိုင်ရန်နိုဆောရပ်စ်များမှ ဆင်းသက်လာသည့် ဒိုင်နိုဆောတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို မော်ရိုကိုနိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ တိုင်ရန်နိုဆောရပ်စ်များမှ ဆင်းသက်လာသည့် ဒိုင်နိုဆောများသည် တိုင်ရန်နိုဆောရပ်စ်များထက်ပင် လက်တံ ပိုသေးသည်ကိုတွေ့ရသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။






တိုင်ရန်နိုဆောရပ်စ်များသည် Abelisauridae ခေါ် အသားစားဒိုင်နိုဆောမျိုးစိတ်ဝင် ဒိုင်နိုဆောများဖြစ်ကြသည်။

မော်ရိုကိုနိုင်ငံ၌ တွေ့ရှိခဲ့ရသည့် တိုင်ရန်နိုဆောရပ်စ်ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ တိုင်ရန်နိုဆောရပ်စ်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၆၆ သန်းလောက်ထိ မြောက်အာဖရိက၌ ရှင်သန်ကျက်စားခဲ့ဖူးသည်ကို တွေ့နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၆၆ သန်းတွင် ကမ္ဘာပေါ်သို့ ဂြိုဟ်သိမ်တစ်စင်း ကျရောက်ခဲ့ရာ တိုင်ရန်နိုဆောရပ်စ်များ အပါအဝင် ဒိုင်နိုဆောသတ္တဝါများ မျိုးသုဉ်းကွယ်ပျောက်ခဲ့ရကြောင်း သိရသည်။ KKO

## ကြယ်တာရာဟင်းလင်းပြင်ဖြတ် ကြယ်တံခွန်အဖြစ်ယူဆရသော ကြယ်တံခွန်တစ်စင်းကို ယခုနှစ် စက်တင်ဘာလအတွင်း ကမ္ဘာမြေပေါ်မှတစ်ဆင့် တွေ့မြင်နိုင်မည်

**ဝါရှင်တန် ဩဂုတ် ၂၄**

နေအဖွဲ့အစည်းအတွင်း ဝင်ရောက်လာသည့် ကြယ်တာရာဟင်းလင်းပြင်ဖြတ် ကြယ်တံခွန်အဖြစ်ယူဆရသော ကြယ်တံခွန်တစ်စင်းကို ယခုနှစ် စက်တင်ဘာလအတွင်း ကမ္ဘာမြေပေါ်မှတစ်ဆင့် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

နီရှီမူရာအမည်ရှိ အဆိုပါကြယ်တံခွန်သည် နေအဖွဲ့အစည်းကို တစ်နာရီလျှင် မိုင် ၂၄၀၀၀၀ အမြန်နှုန်းဖြင့် တိုးဝင်ဖြတ်သန်းနေကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များ၏ အဆိုအရသိရသည်။

နီရှီမူရာကြယ်တံခွန်သည် စက်တင်ဘာ ၁၂ ရက်တွင် ကမ္ဘာမြေနှင့်အနီးဆုံးမှတ်သို့ ရောက်ရှိမည်ဖြစ်ပြီး မိုင်ပေါင်း ၇၈ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်။

ကမ္ဘာမြေကို အနီးဆုံးမှတ်မှ ဖြတ်သန်းချိန်တွင် နီရှီမူရာကြယ်တံခွန်ကို သာမန်မျက်စိနှင့်ပင် မြင်တွေ့နိုင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက်တွင်မူ နီရှီမူရာကြယ်တံခွန်သည် နေကို မိုင်ပေါင်း သန်း ၂၀ အကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နီရှီမူရာကြယ်တံခွန်ကို ဂျပန်နက္ခတ္တရူပဗေဒပညာရှင် ဟီဒီယိုနီရှီမူရာက ဩဂုတ် ၁၂ ရက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## နှလုံးရုတ်တရက်ဖောက်ဖူးသူများ အက်စပရင်ဆေး နေ့စဉ်မသုံးစွဲပါက နှလုံးရုတ်တရက်ပြန်ဖောက်နိုင်

**နယူးယောက် ဩဂုတ် ၂၄**

နှလုံးရုတ်တရက်ဖောက်ခဲ့ဖူးသူ လူနာများအနေဖြင့် အက်စပရင်ဆေးကို နေ့စဉ်သုံးစွဲမှုမရှိပါက နှလုံးရုတ်တရက်ပြန်ဖောက်နိုင်ခြေမြင့်မားလာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

နှလုံးဖောက်ဖူးသူ၊ လေဖြတ်ဖူးသူများအနေဖြင့် ဒုတိယအကြိမ် နှလုံးထပ်ဖောက်မှု၊ လေဖြတ်မှုကို ကာကွယ်ရေးအတွက် အက်စပရင်ဆေးသောက်သုံးရန် ဆေးပညာရှင်များက အကြံပြုထားသော်လည်း လူနာအများစုကမူ ၎င်းအကြံပြုချက်ကို လိုက်နာမှုမရှိကြကြောင်း သိရသည်။

အက်စပရင်ဆေးသည် သွေးဆဲလ်များတစ်ခုနှင့်တစ်ခု ပူးကပ်စုစည်းမှုကို တားဆီးပေးခြင်းဖြင့် သွေးကြောများအတွင်း သွေးခဲများပိတ်ဆို့နိုင်ခြေကို လျှော့ချပေးတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပထမအကြိမ်နှလုံးဖောက်ခဲ့ဖူးသည့် လူနာပေါင်း ၄၀၁၀၀ ကျော်ကို အချိန်ယူလေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ နှလုံးဖောက်ပြီးနောက်ပိုင်း အက်စပရင်ဆေးနေ့စဉ်ပုံမှန်သုံးစွဲမှုမရှိသူများသည် သုံးစွဲသူများထက် ဒုတိယအကြိမ်နှလုံးဖောက်နိုင်ခြေ ၄၀ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။

သို့ဖြစ်ရာ နှလုံးဖောက်ဖူးသူလူနာများအနေဖြင့် ဒုတိယအကြိမ်နှလုံးထပ်ဖောက်နိုင်ခြေကို ကာကွယ်ရေးအတွက် အက်စပရင်ဆေးကို နေ့စဉ်သုံးသင့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## မျက်လုံးကိုစမ်းသပ်ခြင်းဖြင့် ပါကင်ဆန်ရောဂါလက္ခဏာများ ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၂၄**

မျက်လုံးကို စမ်းသပ်စစ်ဆေးခြင်းဖြင့် ပါကင်ဆန်ရောဂါလက္ခဏာများကို ရောဂါမပေါ်မီ ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

မျက်လုံးစစ်ဆေးမှုနည်းလမ်းသည် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမြင့်မားသူများအတွက် ရောဂါလက္ခဏာများကို ကြိုတင်ဖော်ထုတ်ပေးနိုင်မည့် နည်းလမ်းတစ်ရပ်ဖြစ်လာနိုင်ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ မျက်လုံးစစ်ဆေးမှုနည်းလမ်းသည် ပါကင်ဆန်ရောဂါလက္ခဏာများကို ရောဂါမပေါ်မီ ခုနစ်နှစ်အလိုလောက်မှာပင် ကြိုတင်ဖော်ထုတ်ပေးနိုင်ခြေရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

OCT ခေါ် ပုံရိပ်အရည်အသွေးမြင့် မျက်ကြည်လွှာစစ်ဆေးနည်းတစ်မျိုးသည် လူသားများမြင်နိုင်စွမ်းမရှိသည့် မျက်ကြောလွှာအပြောင်းအလဲများကို ဖော်ထုတ်ပေးခြင်းဖြင့် ပါကင်ဆန်ရောဂါ လက္ခဏာများကို ရှာဖွေပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ALZEye အမည်ရှိ မျက်ကြောလွှာပုံရိပ်ဖော်စနစ် သတင်းအချက်အလက်များကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

ပါကင်ဆန်ရောဂါလက္ခဏာများကို ရောဂါမပေါ်မီကြိုတင်ဖော်ထုတ်နိုင်ခဲ့ပါက ၎င်းရောဂါကိုကုသရေးအတွက် နည်းလမ်းသစ်များပေါ်လာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်များ

ML

**မန်ယူ Vs နော်တင်ဟမ်**

**ကစားမည့်ရက်/အချိန် ၂၆-၈-၂၀၂၄ (ည ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နော်တင်ဟမ် ၀ - ၂ မန်ယူ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မန်ယူ** | – | **အိမ်(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **နော်တင်ဟမ်** | – | **ဝေး(သရေ)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ပြီးခဲ့တဲ့ပွဲစဉ်မှာ စပါးအသင်းကိုရှုံးနိမ့်ခဲ့ပြီး ရမှတ်ဆုံးရှုံးခဲ့တာကြောင့် နည်းပြတန်ဟတ်အနေနဲ့ အခုပွဲစဉ်မှာ တိုက်စစ်ပိုင်းအပြောင်းအလဲပြုလုပ်ပြီး နိုင်ပွဲရဖို့ကြိုးပမ်းလာမှာပါ။ နော်တင်ဟမ်အသင်းကတော့ အသင်းကြီးတွေနဲ့ဆို ခံစစ်အားပြုကစားနေပေမဲ့ ကစားသမားစုဖွဲ့မှု အားနည်းချက်ကြောင့် ပေးဂိုးတွေများနေပါတယ်။ ဒါကြောင့် အိမ်ကွင်းမှာနိုင်ပွဲရှာရမဲ့ မန်ယူအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – မန်ယူ ၂ – ၀ နော်တင်ဟမ်**

**အာဆင်နယ် Vs ဖူလ်ဟမ်**

**ကစားမည့်ရက်/အချိန် ၂၆-၈-၂၀၂၄ (ည ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖူလ်ဟမ် ၀ - ၃ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အာဆင်နယ်** | – | **ဝေး(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **ဖူလ်ဟမ်** | – | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |

အာဆင်နယ်အသင်းဟာ အခုရာသီမှာ အဓိက ကစားသမားခေါ်ယူမှုပြုလုပ်နိုင်ခဲ့ပြီး အသင်းလိုအပ်ချက်တွေဖြည့်ဆည်းနိုင်ခဲ့ပေမဲ့ တိုက်စစ်ပိုင်းအားနည်းချက်ရှိနေဆဲဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းကတော့ အသင်းကြီးတွေနဲ့ဆို တန်ပြန်တိုက်စစ်နဲ့သာ ပြန်လည်တုံ့ပြန်လေ့ရှိပေမဲ့ အာဆင်နယ်နဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရခဲ့တာမရှိပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ အာဆင်နယ်အသင်းပဲ နိုင်ပွဲရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အာဆင်နယ် ၂ – ၁ ဖူလ်ဟမ်**

## အီတလီစီးရီးအေ ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်

ML

**ဖရိုစီဝမ်း Vs အတ္တလန်တာ**

**ကစားမည့်ရက်/အချိန် ၂၆-၈-၂၀၂၄ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရိုစီဝမ်း ၀ - ၅ အတ္တလန်တာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဖရိုစီဝမ်း** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |
| **အတ္တလန်တာ** | – | **ဝေး(ရှုံး)** | **ဝေး(သရေ)** | **ဝေး(နိုင်)** |

အခုနှစ်မှတန်းတက်လာတဲ့ ဖရိုစီဝမ်းအသင်းဟာ ကစားသမားစုဖွဲ့မှု အားနည်းချက်ကြောင့် လိုအပ်ချက်တွေရှိနေသေးလို့ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာလဲ ဂိုးပြတ်ရှုံးခဲ့တာဖြစ်ပါတယ်။ အတ္တလန်တာအသင်းဟာ ဟိုက်လန်းကိုလက်လွှတ်ခဲ့ရပေမဲ့ တိုက်စစ်အားကျဆင်းသွားခြင်းမရှိဘဲ တစ်သင်းလုံးကစားပုံကောင်းမွန်နေတာကြောင့် အသင်းလိုက်ကစားအားကောင်းနေတဲ့ အတ္တလန်တာအသင်းပဲ နိုင်ပွဲရှာတွေ့အုံးမှာပါ။

**အင်တာနက်ခန့်မှန်း – ဖရိုစီဝမ်း ၁ – ၃ အတ္တလန်တာ**

### အားကစားသတင်း အတိုအထွာများ

- အမေရိကန် အိုးပင်းကပ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တိုက်စစ်မှူး မက်ဆီဦးဆောင်သည့် အင်တာမီယာမီအသင်း ပင်နယ်တီအဆုံးအဖြတ်တွင် စင်စင်နာတီအသင်းကိုအနိုင်ယူ၍ ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက ဝုဝ်အသင်းကွင်းလယ်ကစားသမား မာသီးယက်စ်နူနက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၇ သန်းဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ အသင်းတာဝန်ရှိသူများက ငြင်းပယ်ခဲ့သည်။
- မန်ယူအသင်းနှင့် ဘန်လေအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ချစ်ကြည်ရေးပွဲစဉ်တွင် မန်ယူအသင်းက သုံးဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ML

## ဒူးဒဏ်ရာရရှိနေသည့် ဂျီးဆပ် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်မည်ဟု အာဆင်နယ်အသင်းထုတ်ပြန်




**လန်ဒန် ဩဂုတ် ၂၄**

ပြီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်း၌ ပါဝင်ကစားခဲ့စဉ်က ရရှိခဲ့သည့်ဒူးဒဏ်ရာကြောင့် အနားယူနေရသည့်တိုက်စစ်မှူး ဂျီးဆပ်အနေဖြင့် လာမည့် ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဂျီးဆပ်သည် အဆိုပါဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရသဖြင့် အာဆင်နယ်အသင်း၏ ရာသီကြိုခြေစမ်းပွဲစဉ်များနှင့် ပရီးမီးယားလိဂ်ပွဲစဉ်နှစ်ပွဲကိုလွဲချော်ခဲ့ပြီးနောက် လက်ရှိတွင် ကစားသမားအနေဖြင့် အသင်းနှင့် လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နိုင်ခဲ့သောကြောင့် ဩဂုတ် ၂၅ ရက်တွင်ကစားရမည့် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်ကို ပြန်လည်ပါဝင်နိုင်မည်ဟု အာဆင်နယ်အသင်းက အတည်ပြုပြောကြားခဲ့သည်။

ဂျီးဆပ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်းမှ အာဆင်နယ်အသင်းသို့ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၃၃ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၁၁ ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်ထိပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့် ပါဝင်ခဲ့ရာ ဒူးဒဏ်ရာရရှိခဲ့သောကြောင့် ပြီးခဲ့သည့်နှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၂ ပွဲထိလွဲချော်ခဲ့ပြီး ရာသီကြိုခြေစမ်းပွဲစဉ်ကာလတွင် ဒဏ်ရာခွဲစိတ်ကုသမှု ခံယူပြီးနောက် ယခုအခါအသင်းနှင့် လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နိုင်ခဲ့သည်။

နည်းပြအာတီတာသည် ဂျီးဆပ်အနားယူနေရသည့် တိုက်စစ်ပိုင်းတွင် လူငယ်ကစားသမား အန်ကေတီးယားကို အစားထိုးအသုံးပြုနေသကဲ့သို့ ၎င်းသည်တိုက်စစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့ကာ ပြီးခဲ့သည့် အမှတ်ပေးပြိုင်ပွဲအဖွင့်ပွဲစဉ်တွင်လည်း အသင်းအတွက် အဖွင့်ဂိုးသွင်းယူကာ အသင်းကို နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML

## ခံစစ်ကစားသမား လာပေါ်တီ ဆော်ဒီကလပ် အယ်နာဆာအသင်းသို့ စတာလင်ပေါင် ၂၃ ဒသမ ၅ သန်းဖြင့်ပြောင်းရွှေ့

**ရိုယာ့ဒ် ဩဂုတ် ၂၄**

မန်စီးတီးအသင်း ခံစစ်ကစားသမား လာပေါ်တီသည် အသင်းနှင့် ဆုဖလားသုံးလုံး ရရှိခဲ့ပြီးနောက် အသင်းက ထွက်ခွာခွင့်ပြုခဲ့သောကြောင့် ဆော်ဒီကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၃ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား လာပေါ်တီသည် မန်စီးတီးအသင်းနှင့် ငါးနှစ်ကျော်ကစားခဲ့ရာ ပြိုင်ပွဲစုံ ၁၈၀ တွင် သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ဆုဖလားလေးကြိမ်၊ ကွန်မြူနတီဒိုင်းနှစ်ကြိမ်၊ အက်ဖ်အေဖလားနှစ်ကြိမ်၊ ကာရာဘောင်းဖလား သုံးကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ဥရောပစူပါကပ်တစ်ကြိမ် ဆွတ်ခူးခဲ့ပြီးနောက် ယခုအခါ ဆော်ဒီကလပ် အယ်နာဆာအသင်းသို့ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

လာပေါ်တီက "ကျွန်တော့်ကို အားပေးခဲ့ကြတဲ့ အသင်းပရိသတ်တွေကို နှုတ်ဆက်ချင်ပါတယ်။ အသင်းမှာ ငါးနှစ်ကျော်ကစားခဲ့တဲ့ကာလအတွင်း အမှတ်တရတွေအများကြီးရှိခဲ့ပါတယ်။ အဲဒီအမှတ်ရစရာတွေအားလုံးကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး"ဟု ၎င်း၏ တွစ်တာစာမျက်နှာမှ ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် ဆော်ဒီကလပ်အသင်းများသည် ပရီးမီးယားလိဂ်ထိပ်တန်းကစားသမားများကိုခေါ်ယူလျက်ရှိပြီး ပြီးခဲ့သည့်လက ကွင်းလယ်ကစားသမားမာရက်ဇ်ကို အယ်အာလီအသင်းက ခေါ်ယူခဲ့ပြီးနောက်ပိုင်း အယ်နာဆာအသင်းက လာပေါ်တီကို ထပ်မံခေါ်ယူနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ထိပ်တန်း ကစားသမားများကို နောက်ဆုံး ခေါ်ယူနိုင်သည့်အသင်း ဖြစ်လာခဲ့ကြောင်း သိရသည်။

ML

## US Open တင်းနစ်ပြိုင်ပွဲအပြီးတွင် တင်းနစ်ကစားသမားဘဝမှ အနားယူသွားမည်ဖြစ်ကြောင်း ဂျွန်အစ္စနာ ပြောကြား

**နယူးယောက် ဩဂုတ် ၂၄**

အမေရိကန် တင်းနစ်ကစားသမား ဂျွန်အစ္စနာသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကျင်းပသွားမည့် US Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ပြင်ဆင်ထားသလို ပြိုင်ပွဲအပြီးတွင်လည်း ကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်းပြောကြားခဲ့သည်ဟု Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၈ နှစ်အရွယ် ဂျွန်အစ္စနာသည် တင်းနစ်လောကတွင် ရော်ဂျာဖက်ဒရာ၊ ရာဖေးလ်နာဒယ်၊ အင်ဒီမာရေးနှင့်ဂျိုကိုဗစ်တို့ လွှမ်းမိုးနေစဉ်ကာလတွင် အဆိုပါ ကစားသမားလေးဦးကို အဓိက အခက်တွေ့စေခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

ကစားသမားဘဝ သက်တမ်းတစ်လျှောက် အဓိကပြိုင်ပွဲကြီး ငါးရပ်တွင် ဗိုလ်လုပွဲစဉ်ထိတက်ရောက်နိုင်ခဲ့ပြီး ယင်းဗိုလ်လုပွဲစဉ်များတွင်လည်း ရော်ဂျာဖက်ဒရာ၊ ရာဖေးလ်နာဒယ်၊ အင်ဒီမာရေးတို့နှင့် တွေ့ဆုံခဲ့သည်။

ယင်း ဗိုလ်လုပွဲစဉ်များတွင် ရှုံးနိမ့်ခဲ့ရသော်လည်း ၂၀၁၈ ခုနှစ်က ဂျာမနီလူငယ်တင်းနစ်ကစားသမား အလက်ဇန်းဒါးဇီရက်ဗ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရသော မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည်။

တင်းနစ်လောက၏ ကြီးလေးကြီးအဖြစ် သတ်မှတ်ခံခဲ့ရသော ရော်ဂျာဖက်ဒရာ၊ ရာဖေးလ်နာဒယ်၊ အင်ဒီမာရေးနှင့် ဂျိုကိုဗစ်တို့ကလည်း ဂျွန်အစ္စနာကို ခက်ခဲသောပြိုင်ဘက်အဖြစ် သတ်မှတ်ထားပြီး ဂျွန်အစ္စနာအနေဖြင့် အသက်အရွယ်အရအနားယူသင့်ပြီဟုယူဆထားသလို မိသားစုကိုအချိန်ပေးလိုသည့်အတွက်ကြောင့် တင်းနစ်လောကမှအနားယူရန်ဆုံးဖြတ်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။



AZL

# အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကျင်းပ ရှမ်းယူနိုက်တက်အသင်း အုပ်စု(F)တွင် ကျရောက်



**ရန်ကုန် ဩဂုတ် ၂၄**

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်ကျင်းပခဲ့ရာ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် အုပ်စု(F)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အေအက်ဖ်စီဖလား ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်စီဖလားပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် အုပ်စု(F)တွင် ရှမ်းယူနိုက်တက်အသင်းနှင့်အတူ ဖိလစ်ပိုင်ကလပ် Dynamic Herb အသင်း၊ ဩစတြေးလျကလပ် Macarthur FC အသင်း၊ ကမ္ဘောဒီးယားကလပ် Phnom Penh Crown FC အသင်းတို့နှင့်တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

အဆိုပါ မဲခွဲမှုအပြီးတွင် ရှမ်းယူနိုက်တက်အသင်း နည်းပြ ဦးဟန်ဝင်းအောင်က "အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုအဆင့်မှာ ကလပ်အသင်းတိုင်းက အဆင့်တန်းမြင့်ကြပါတယ်။ ပြိုင်ဘက်တိုင်းကိုလဲ အနိုင်ယူနိုင်စွမ်း ရှိပါတယ်။ ကျွန်တော်တို့ ရှမ်းယူနိုက်တက်အသင်းကလဲ မြန်မာနိုင်ငံကိုယ်စားပြုပြီး ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် အကောင်းဆုံး ကစားသွားမှာပါ။ ရလဒ်တွေ ကောင်းအောင်လဲ ကြိုးစားသွားမှာပါ။ ကျွန်တော်တို့ အရင်နှစ်တွေကထက်ပိုပြီးအကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

အေအက်ဖ်စီဖလား ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့် စက်တင်ဘာလမှစတင်ပြီး အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# Tour Championship ပြိုင်ပွဲတွင် ဂျက်ဆင်ဒေး ပါဝင်ယှဉ်ပြိုင်သွားမည်



**အတ္တလန်တာ ဩဂုတ် ၂၄**

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမား ဂျက်ဆင်ဒေးသည် အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပမည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု GMA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်ဆင်ဒေးသည် ဇနီးဖြစ်သူ ကိုယ်ဝန်အရင့်အမာ ဖြစ်နေသည့်အတွက် ဇနီးဖြစ်သူအနီးတွင် အနီးကပ်စောင့်ရှောက်သွားမည်ဖြစ်သောကြောင့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ဖွယ်မရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ဇနီးဖြစ်သူက ဂျက်ဆင်ဒေးကို Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ခွင့်ပြုလိုက်သည့်အတွက် အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ဂျက်ဆင်ဒေး၏ ဇနီးဖြစ်သူက လာမည့်စက်တင်ဘာလအစောပိုင်းတွင် ငါးဦးမြောက်ရင်သွေးမွေးဖွားတော့မည်ဖြစ်ပြီး ဂျက်ဆင်ဒေးက ဇနီးဖြစ်သူအနီးတွင် နေချင်သောကြောင့် ပြိုင်ပွဲအတွက် အမေရိကန်နိုင်ငံသို့ထွက်ခွာရန် ဆန္ဒမရှိခဲ့ကြောင်း သိရသည်။

ဂျက်ဆင်ဒေးက "ကျွန်တော့်ဇနီး မွေးဖွားခါနီးမလို့ ပြိုင်ပွဲမဝင်တော့ဘူးလို့ဆုံးဖြတ်ထားတာပါ။ ဒါပေမဲ့လဲ ကျွန်တော့်ဇနီးက သူမီးဖွားတဲ့အချိန်ကိုတော့ ကျွန်တော်အချိန်မီ ပြန်လာနိုင်မှာမဟုတ်ဘူး။ ကလေးကို အိမ်မှာပဲမွေးမှာဖြစ်လို့ အစစအရာရာအဆင်ပြေမှာပါ။ ပြိုင်ပွဲဝင်ဖို့ပဲပြင်ဆင်ဖို့နဲ့ ပြီးတော့ပြိုင်ပွဲမှာလဲ နိုင်အောင်ကြိုးစားလာခဲ့ပါလို့ ပြောလာတဲ့အတွက် ကျွန်တော်လဲ ပြိုင်ပွဲဝင်ဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမကစားသမား ၂၅ ဦးစာရင်းကို နည်းပြဖိုက်တန်ဘိုင်နာ ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၂၄**

နိုင်ငံတကာခြေစမ်းပွဲစဉ်အတွက် မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဖိုက်တန်ဘိုင်နာက မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမကစားသမား ၂၅ ဦးစာရင်းကို ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နိုင်ငံတကာခြေစမ်းပွဲကာလဖြစ်သည့် စက်တင်ဘာလအတွင်း နီပေါအသင်းနှင့် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နှစ်ပွဲကစားသွားမည်ဖြစ်ပြီး ပထမပွဲစဉ်ကို စက်တင်ဘာ ၈ ရက်နှင့် ဒုတိယပွဲစဉ်ကို စက်တင်ဘာ ၁၁ ရက်တို့တွင် ကစားသွားမည်ဖြစ်သည်။

လက်ရှိတွင် နည်းပြဖိုက်တန်ဘိုင်နာက ပဏာမကစားသမားစာရင်းတွင် ပြည်ပ၌ကစားနေသည့် ကစားသမားများကို ရွေးချယ်ထားခြင်းမရှိသေးဘဲ နောက်ပိုင်းတွင် ကစားသမား အပြောင်းအလဲများ ပြုလုပ်ဖွယ်ရှိနေသည်။ တိုက်စစ်ပိုင်းနေရာတွင်လည်း ပြည်တွင်းလိဂ်မှ တစ်ဦးတည်းသာ ရွေးချယ်ထားပြီး နောက်ထပ် ကစားသမားများကို ပြည်ပမှ ရွေးချယ်ဖွယ်ရှိနေသည်။

နည်းပြဖိုက်တန်ဘိုင်နာ ရွေးချယ်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း၏ပဏာမကစားသမား ၂၅ ဦးစာရင်းမှ ဂိုးသမားနေရာတွင် ဆန်းဆက်နိုင်၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်နှင့် ဇင်ညီညီအောင်၊ ခံစစ်ကစားသမားနေရာတွင် နန္ဒကျော်၊ရဲမင်းသူ၊ ကျော်ဇင်လွင်၊ ဌေးထက်မင်း၊ မင်းခန့်ကျော်၊ဇင်ကိုထက်၊ဟိန်းဇေယျာလင်း၊ ဇော်ရဲထွန်း၊ သီဟထက်အောင်တို့ ပါဝင်ခဲ့ကြသည်။

အလားတူ ကွင်းလယ်ကစားသမားနေရာတွင် သက်ပိုင်ထွေး၊ ထက်ဖြိုးဝေ၊ ဈာနေယျသူ၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ နေမိုးနိုင်၊ ဝေလင်းအောင်၊ ဆွမ်လမ်မန်၊ မင်းမြတ်စိုး၊ အောင်လှိုင်ဝင်းနှင့် ရန်နိုင်ဦး၊ တိုက်စစ်ကစားသမားနေရာတွင် ရန်ကျော်ထွေးတို့ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နီပေါအသင်းနှင့်ပွဲစဉ်အတွက် စခန်းသွင်းလေ့ကျင့်မှုများကို ယနေ့တွင် စတင်ပြုလုပ်ခဲ့ပြီး လေ့ကျင့်မှုများပြုလုပ်သည့် ကာလအတွင်း နီပေါအသင်းနှင့် ပွဲစဉ်မတိုင်မီ ပြည်တွင်းလိဂ်မှ ကလပ်အသင်းများနှင့်ခြေစမ်းပွဲစဉ်ကစားရန်စီစဉ်ထားကြောင်း သိရသည်။ STA

## စပိန်လာလီဂါ ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်

STA

**ကာဒီဇက်** Vs **အယ်မာရီယာ**

**ကစားမည့်ရက်/အချိန် ၂၆-၈-၂၀၂၃ (ည ၁၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အယ်မာရီယာ ၁ - ၁ ကာဒီဇက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ကာဒီဇက်** | - | **အိမ်(သရေ)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **အယ်မာရီယာ** | - | **အိမ်(နိုင်)** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ ကာဒီဇက်အသင်းဟာ အယ်မာရီယာအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ နှစ်ပွဲဆက်ရှုံးပွဲကြိုတွေ့ထားတဲ့အယ်မာရီယာအသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသလို အဝေးကွင်းခြေစွမ်းပိုင်းကလဲကျဆင်းနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ကာဒီဇက်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ကာဒီဇက် ၁ - ၀ အယ်မာရီယာ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်

STA

**ဒမ်စတက်** Vs **ယူနီယံဘာလင်**

**ကစားမည့်ရက်/အချိန် ၂၆-၈-၂၀၂၃ (ည ၀၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒမ်စတက် ၂ - ၁ ယူနီယံဘာလင်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဒမ်စတက်** | - | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** |
| **ယူနီယံဘာလင်** | - | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |

သုံးပွဲဆက်ရှုံးပွဲကြိုထားတဲ့ ဒမ်စတက်အသင်းဟာ အိမ်ကွင်းမှာကစားရမှာဆိုပေမဲ့ လက်ရှိပုံစံကောင်းပြသနေတဲ့ ယူနီယံဘာလင်အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ယူနီယံဘာလင်အသင်းကတော့ သုံးပွဲဆက်နိုင်ပွဲရယူထားပြီး တိုက်စစ်ပိုင်းကလဲ ထက်မြက်မှုရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ယူနီယံဘာလင်အသင်းပဲ နိုင်ပွဲဆက်ပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဒမ်စတက် ၀ - ၂ ယူနီယံဘာလင်**

## ပြင်သစ်လီဂူး ပွဲစဉ် (၃) ပွဲကြိုသုံးသပ်ချက်များ

STA

**မာဆေး** Vs **ဘရက်**

**ကစားမည့်ရက်/အချိန် ၂၆-၈-၂၀၂၃ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၁ - ၂ ဘရက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မာဆေး** | - | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(သရေ)** |
| **ဘရက်** | - | **အိမ်(သရေ)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |

ပြီးခဲ့တဲ့ပွဲစဉ်က သရေရလဒ်သာရရှိခဲ့တဲ့ မာဆေးအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာတော့ ရမှတ်ပြည့်ရရှိဖို့ အများခံမှာမဟုတ်ပါဘူး။ ဘရက်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ပုံစံကောင်းပြသနေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့ရတဲ့အနေအထား မှာမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - မာဆေး ၃ - ၂ ဘရက်**

**ပီအက်စ်ဂျီ** Vs **လန်း**

**ကစားမည့်ရက်/အချိန် ၂၇-၈-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပီအက်စ်ဂျီ ၃ - ၁ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ပီအက်စ်ဂျီ** | - | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(သရေ)** |
| **လန်း** | - | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |

ရာသီအဖွင့်ပွဲစဉ်နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ ပီအက်စ်ဂျီအသင်းက အခုအိမ်ကွင်းပွဲစဉ်မှာတော့ မဖြစ်မနေအနိုင်ရလဒ်ရရှိအောင် ပြင်ဆင်လာမှာပါ။ လန်းအသင်းကလဲ ဒီနှစ်ဘောလုံးရာသီမှာ ရလဒ်မတည်မငြိမ်ဖြစ်နေပြီး နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဒါကြောင့် ဒီပွဲမှာ ပီအက်စ်ဂျီအသင်း ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ပီအက်စ်ဂျီ ၄ - ၁ လန်း**

ခရီးသွားဆောင်းပါး

# နှစ်ကျပ်ခွဲရွာနှင့်ထီးတော်လှူပ်စေတီ

သက်နိုင်(ပြင်ဦးလွင်)

လေ့လာရေးခရီးစဉ်တစ်ခုအဖြစ် ပုဂံ-ညောင်ဦး-ပုပ္ပား-မြင်းခြံဒေသတွေရှိရာကို ထွက်ခွာလာခဲ့ကြတာ ပုပ္ပားတောင်ကလပ်ပေါ်ကို လေ့လာကြည့်ရှုခဲ့ကြပြီး တောင်အောက်ကို ပြန်လည်ဆင်းသက်လာကြတော့မှာပါ။ အတက်ခရီးမှာတုန်းက ပင်ပန်းခဲ့ကြပေမဲ့ အဆင်းခရီးမှာ သက်သက်သာသာဖြစ်ကြရပါတယ်။ ဒါပေမဲ့ အသက်အရွယ်ကြီးနေပြီဖြစ်တဲ့ လူကြီးတွေပါနေတာကြောင့် တဖြည်းဖြည်းနဲ့ ဂရုတစိုက်ဆင်းနေကြရတယ်။ ဒီလို ဆင်းနေကြရလို့လဲ ပုပ္ပားတောင်နဲ့ပတ်သက်တဲ့ ဒေသန္တရဗဟုသုတတွေကို ပိုမိုရခဲ့ကြတယ်။ အရင်တုန်းက သတိမထား မသိရှိတာတွေကို သိရှိလာရတယ်။

ခရီးသွား ဘုရားဖူးဧည့်သည်တွေ အဓိကထားလာရောက်လေ့ရှိနေတဲ့ ပုပ္ပားတောင်ဆိုတာ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့ တောင်ကလပ်ကျေးရွာအတွင်းမှာ တည်ရှိနေတယ်။ ဒါကို ပုပ္ပားလာရောက်သူအများစုက မသိရှိကြပါဘူး။ ပုပ္ပားတောင်ကို နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေက နတ်တို့ပျော်စံရာအိုလံပတ်စ်တောင် (Mt. Olympus, an abode of the Gods) ဆိုပြီး တင်စားခေါ်ဝေါ်ကြတယ်။ အာရှတိုက်သားတချို့က ဂျပန်နိုင်ငံက ဖူဂျီတောင် (Mt.Fuji) နဲ့အလားသဏ္ဍာန်တူကြောင်း ဒုတိယဖူဂျီတောင်ဖြစ်ကြောင်း ပြောဆိုကြတယ်။ ပုပ္ပားဆိုတဲ့ အမည်နာမကလဲ စိတ်ဝင်စားစရာကောင်းနေပြန်တယ်။ ပါဠိဘာသာ 'ပုပ္ဖ' ဝေါဟာရကနေ ဆင်းသက်လာပြီး ပန်းလို့ အဓိပ္ပာယ်ရကြောင်း ဆိုကြတယ်။ တချို့က 'ပုဗ္ဗ'ကနေ ဆင်းသက်လာပြီး အရှေ့အရပ်လို့ အဓိပ္ပာယ်ရကြောင်းဆိုကြတယ်။ ပုဂံမင်းနေပြည်တော်ရဲ့ အရှေ့အရပ်မှာဖြစ်တာကြောင့် ပုဗ္ဗတောင်လို့ခေါ်ဆိုကြရာကနေ ပုပ္ပားတောင်ဖြစ်လာကြောင်း သမိုင်းမှတ်တမ်းတချို့မှာ တွေ့ရတယ်။

အချို့သုတေသီတွေက ပုပ္ပားတောင်ဆိုတာ ပုဂံပြည်ရဲ့အရှေ့အရပ်မှာ မဟုတ်ကြောင်း၊ အရှေ့တောင်အရပ်မှာသာဖြစ်ကြောင်း၊ ဒါကြောင့် ပုဗ္ဗ(အရှေ့အရပ်)ကနေ ဆင်းသက်လာတာမဟုတ်မှန်ကြောင်း၊ ပုပ္ပားတောင်မှာ ပန်းပေါင်းစုံလင်အောင် ပေါက်ရောက်ဖူးပွင့်နေတဲ့အတွက် ပုပ္ပ(ပန်း)ဝေါဟာရကနေ ဆင်းသက်ဖြစ်ပေါ်လာတာကသာ သဘာဝကျကြောင်း ရှင်းလင်းရေးသားတာကိုလဲ တွေ့မြင်နေရတယ်။ သမိုင်းဆရာတွေ၊ သုတေသီတွေက ဘယ်လိုပဲရေးသားမှတ်တမ်းတင်နေကြပေမဲ့ ပုပ္ပားတောင်က ပုပ္ပဆိုတဲ့အမည်နဲ့လိုက်အောင် ရာသီအလိုက် ပန်းပေါင်းစုံတွေ ဝေဝေဆာဆာလှလှပပ ဖူးပွင့်နေကြတာကတော့ ကြည်နူးချမ်းမြေ့စရာ ကောင်းနေပါတယ်။ ဒ့ါပြင် ပုပ္ပားတောင်ဒေသက ပူပြင်းခြောက်သွေ့ရာသီဥတုရပ်ဝန်းထဲမှာ ကျရောက်နေပေမဲ့ စိမ့်စမ်းရေတံခွန်တွေပေါများစွာရှိနေကြလို့ အပူပိုင်းဒေသရဲ့ အိုအေစစ်ဆိုပြီး တင်စားခေါ်ဆိုလေ့ရှိကြတယ်။

တောင်ဆင်းလှေကားထစ်တွေကနေ တဖြည်းဖြည်းဆင်းလာကြရင်းနဲ့ ဖိုးစံပုရေအိုးစင်စခန်း၊ ဉသျှစ်ပင်ကွေ့စခန်းစတဲ့ ဆိုင်းဘုတ်နေရာတွေကို မြင်တွေ့နေရတယ်။ ဒီနေရာတွေကို အတက်ခရီးတုန်းက သတိမထားမိခဲ့ဘဲ အဆင်းရောက်မှ တွေ့ရတာပါ။ ဘုရားဖူးဧည့်သည်တွေ ခရီးတစ်ထောက်နားနေရအောင် ရေအိုးစင်လေးတွေ၊ ဇရပ်ဆောင်လေးတွေ ထားရှိဆောက်လုပ်ပေးထားတာဖြစ်ပါတယ်။ နားနေလို့ရတဲ့နေရာတွေကို ဖိုးစံပုရေအိုးစင်စခန်း၊ ဉသျှစ်ပင်ကွေ့စခန်းလို့ ရေးသားထားတာကြောင့် ကျိုက်ထီးရိုးတောင်တက်ခရီးစဉ်ကို သွားပြီးသတိရလိုက်မိသေးတယ်။ ကျိုက်ထီးရိုးမှာလဲ ဒီလိုစခန်းလေးတွေ အများအပြား ရှိနေကြလို့ပါ။

တောင်ခြေကိုရောက်တော့ ပန်းရောင်းသူတွေက အနားကို ကပ်မလာကြတော့ဘဲ မျောက်စာရောင်းသူတွေ၊ အမှတ်တရပစ္စည်းရောင်းချသူတွေကသာ တစာစာ အော်ဟစ်ရောင်းချကြပါတော့တယ်။ ဒါပေမဲ့ ဘာပစ္စည်းမှ ဝယ်မှာမဟုတ်တဲ့ အဘိုးကြီးတွေဆိုတာကို သိနေကြလို့လား မပြောတတ်ပါဘူး။ ဝတ်ကျေတမ်းကျေသဘော အော်ဟစ်ပြီးတဲ့နောက်မှာ အသံတွေ တိတ်သွားကြတော့တယ်။ စျေးသည်တွေက ခရီးသွားဧည့်သည်တွေရဲ့ ပုံပန်းသဏ္ဍာန်အနေအထားတွေကို ကြည့်ပြီး ရောင်းလို့ရမဲ့သူ၊ ရောင်းလို့မရတဲ့သူဆိုတာကို နောကျေအောင်သိရှိနေကြပါပြီ။ တောင်ခြေကိုရောက်တာနဲ့ ကားအပ်ထားတဲ့နေရာကနေ ကားကိုထုတ်ယူလာပြီး ပုပ္ပားမြို့ရှိရာကိုဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ကားကို အခကြေးငွေပေးပြီး အပ်နှံထားခဲ့တဲ့အတွက် ကားပေါ်မှာရှိနေတဲ့ပစ္စည်းတွေကို မျောက်တွေရဲ့အန္တရာယ်ကနေ ကာကွယ်စောင့်ရှောက်ပေးထားကြတယ်။ ဘာပစ္စည်းမှ မပျောက်မရှတဲ့အပြင် မျောက်ဆွဲသွားတာမျိုးတွေလဲ မရှိတော့ပါဘူး။




တောင်ကလပ်ရှိရာကို အလာခရီးတုန်းက ဒေသအခေါ် သုံးထပ်ကွေ့လမ်းကနေ လာရောက်ခဲ့တာကြောင့် ပုပ္ပားမြို့ကို မရောက်ခဲ့ကြတာဖြစ်ပါတယ်။ သုံးထပ်ကွေ့လမ်းက ခရီးနီးပေမဲ့ အတက်၊ အဆင်း အနည်းငယ် မတ်စောက်တယ်။ ကိုးထပ်ကွေ့လမ်းက အတက်၊ အဆင်းပြေပြစ်တဲ့အပြင် ပုပ္ပားမြို့ကို ရောက်ရှိဖြတ်သန်းသွားကြရတယ်။ ဒီထက်ပိုပြီးတော့ ပုပ္ပားတောင်ကလပ်ရဲ့ အလှတွေကို ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင် ကြည့်ရှုခံစား မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူနိုင်တာက ကိုးထပ်ကွေ့လမ်းပါ။ တောင်ကလပ်နဲ့ ပုပ္ပားမြို့က မကွာဝေးတာကြောင့် မိနစ်ပိုင်းအတွင်းမှာ ပုပ္ပားမြို့ကို ရောက်ရှိလာကြတယ်။

ပုပ္ပားဆိုတာ ရှေးဟောင်းမြို့လေးတစ်မြို့ပါ။ ပုဂံခေတ် သေဉ်လည်ကြောင်မင်းလက်ထက် (ခရစ်နှစ် ၃၄၄-၃၈၇) ကတည်းက စတင်ပေါ်ပေါက်ခဲ့တာကြောင့် မြို့သက်တမ်းကကြာမြင့်နေပါပြီ။ ရှင်ဘုရင်က မင်းမဟာဂီရိနတ်မောင်နှမအတွက် နတ်နန်းတည်ဆောက်ပေးရာကနေ ပုပ္ပားမြို့ဖြစ်လာကြောင်း အဆိုရှိတယ်။ ဒ့ါပြင် ပုဂံဘုရင်အဆက်ဆက်က ပုပ္ပားကို နှစ်စဉ်လာရောက်ကြပြီး ယာယီနန်းစိုက်တာမျိုးတွေ လုပ်လေ့ရှိကြတယ်။ ရှေးခေတ်ပုဂံဘုရင်တွေက နတ်ကို သက်ဝင်ယုံကြည်ကြတာနဲ့အညီ နှစ်စဉ်နှစ်တိုင်းမှာလဲ နတ်သဘင်ပွဲတွေ လာရောက်ကျင်းပလေ့ရှိနေတယ်။

အနော်ရထာမင်း ဘုရင်မဖြစ်ခင်က ပုပ္ပားကို လာရောက်ပြီးစိုးစံခဲ့ဖူးတယ်။ အနော်ရထာမင်းက အမိကွဲနောင်တော် စုက္ကတေးမင်းကို တော်လှန်ပုန်ကန်တဲ့အခါ ပုပ္ပားမှာခြေကုပ်ယူပြီး လူသူလက်နက်ရိက္ခာတွေ ရှာဖွေစုဆောင်းခဲ့ရတယ်။ အောင်မြေနင်းခဲ့ရတယ်။ အနော်ရထာရှင်ဘုရင်ဖြစ်လာတဲ့အခါ အောင်မြေနင်းခဲ့တဲ့အရပ်မှာ ရွှေအောင်ဇံစေတီကို တည်ထားကိုးကွယ်ခဲ့တယ်။ ရွှေစည်ခုံင်း (အခု ရွှေစည်တိုင်)၊ ဆင်ကျုံး၊ သံဖို စတဲ့ရွာတွေက အနော်ရထာမင်းနဲ့ ဆက်စပ်နေတယ်လို့ ဆိုကြတယ်။

ပုပ္ပားက ရှေးယခင်မြို့တစ်မြို့အဖြစ် ကျော်ကြားခဲ့ပေမဲ့ နောင်ကာလကြာမြင့်လာတဲ့အခါ ရွာလေးအဖြစ် ပြောင်းလဲသွားခဲ့ရတယ်။ လမ်းပန်းဆက်သွယ်ရေးအရ၊ ခေတ်စနစ်ဖွံ့ဖြိုးမှု နှောင့်နှေးနေတဲ့အချိန်တွေမှာ ခေတ္တခဏတိမ်မြုပ်သွားခဲ့ရတာပါ။ ဒါပေမဲ့ ခေတ်တွေ၊ စနစ်တွေ တိုးတက်ဖွံ့ဖြိုးလာပြီဖြစ်တဲ့ အခုအချိန်အခါတွေမှာ စည်ကားလှတဲ့မြို့လေးအဖြစ် ပြန်လည်မြင်တွေ့နေရတယ်။ ပုပ္ပားမြို့မှာ စျေး၊ ကျောင်း၊ ဆေးရုံ၊ ရဲစခန်း စတဲ့မြို့တစ်မြို့ရဲ့ အင်္ဂါရပ်တွေ ပြည့်စုံအောင်ရှိနေတယ်။ ထူးခြားထင်ရှားတာကတော့ သစ်သီးဝလံတွေ ပေါများတာပါ။ ပုပ္ပားမြို့ဆိုပြီး ရေးသားစိုက်ထူထားတဲ့ လမ်းဆုံတစ်ခုအနီးမှာ များပြားရှည်လျားတဲ့ သစ်သီးမျိုးစုံဆိုင်တွေကို တန်းစီပြီး အများအပြား တွေ့မြင်နေရတယ်။ ဒါကြောင့်လဲ လမ်းဘေးတစ်နေရာမှာ ကားကိုရပ်လိုက်ပြီး ဓာတ်ပုံရိုက်ယူတာတွေ၊ သစ်သီးဝယ်ယူတာတွေကို လုပ်ကြရတယ်။ သစ်သီးတွေ အမျိုးစုံအောင်ပေါများသလို စျေးနှုန်းတွေကလဲ သင့်တင့်ချိုသာတယ်။

ပုပ္ပားမြို့က စားချင်တဲ့သစ်သီးတွေကို ဝယ်ယူပြီးတာနဲ့ ကျောက်ပန်းတောင်းမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဖြတ်သန်းရာလမ်းတစ်လျှောက်မှာ သစ်သီးဝလံစိုက်ပျိုးရေးခြံ၊ ဉယျာဉ်ခြံတွေကို တွေ့မြင်နေရတယ်။ ဒါကြောင့်လဲ ပုပ္ပားမြို့မှာ သစ်သီးတွေ ပေါများနေတာပါ။ အခုအချိန်မှာ သစ်သီးတွေ ပေါများစွာထွက်ရှိတဲ့ မြို့တစ်မြို့အဖြစ်နဲ့လဲ နာမည်ကျော်ကြားနေပါပြီ။

ခရီးအစီအစဉ်အရ ကျောက်ပန်းတောင်းမြို့ထဲကို မဝင်ခင် ထီးတော်လှူပ်စေတီတော်ရှိတယ်ဆိုတဲ့ နှစ်ကျပ်ခွဲရွာကို သွားရောက်ကြမှာပါ။ သွားရောက်ရမဲ့ ခရီးလမ်းကို မေးမြန်းစုံစမ်းကြည့်တော့ ကျောက်ပန်းတောင်းမြို့ကိုရောက်ရှိပြီး ပထမဦးဆုံးမီးပွိုင့်ကနေ ညာဘက်ကို ချိုးကွေ့ မောင်းနှင်ရမယ်ဆိုတာနဲ့ မေးမြန်းလမ်းညွှန်လိုက်တဲ့အတိုင်း မောင်းနှင်လာခဲ့တယ်။ နှစ်ကျပ်ခွဲရွာကိုသွားတဲ့လမ်းက ကျဉ်းပေမဲ့ ကတ္တရာခင်း လမ်းကောင်းတစ်ခုပါ။ ကျောက်ပန်းတောင်းမြို့နဲ့လဲ ငါးမိုင်လောက်သာ ဝေးကွာနေတယ်။

ရွာအဝင်ဆိုင်းဘုတ်ကိုတွေ့မြင်ပြီး မကြာခင်မှာ စေတီတော်ရှိရာကို ရောက်လာကြတယ်။ စေတီတော်ရဲ့အမည်က မြသိမ်တော်ဖြစ်ပေမဲ့ ထီးတော်လှူပ်စေတီလို့သာ လူသိများကျော်ကြားနေတယ်။ ကျော်ကြားရတဲ့အကြောင်းက စေတီတော်ရဲ့အလယ်လောက်ထိ လှေကားနဲ့တက်ပြီး စေတီတော်ကြီးကိုကိုင်လှုပ်လိုက်တဲ့အခါ စေတီတော်ကြီးကော၊ ထီးတော်ကြီးကော လှုပ်ခါယမ်းနေတဲ့အတွက် ထီးတော်လှူပ်စေတီတော်ဆိုပြီး ထင်ရှားလာကြောင်း သိရတယ်။

ဒါပေမဲ့ အခုအချိန်မှာ လှုပ်ခါခွင့်မပြုတော့တာကြောင့် အရင်တုန်းကရိုက်ကူးထားတဲ့ ဗီဒီယိုရုပ်သံကိုသာ ကြည့်ရှုခဲ့ရတယ်။ စေတီတော်က ရှေးဟောင်းစေတီတစ်ဆူဖြစ်နေလို့ မကြာခဏ လှုပ်ပါများရင် ထိခိုက်ပျက်စီးမှုတွေဖြစ်ပေါ်မှာ စိုးရိမ်တာကြောင့်ဖြစ်ပါလိမ့်မယ်။ ထီးတော်လှုပ်တာကို မမြင်တွေ့ခဲ့ရပေမဲ့ စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုခွင့်ရခဲ့ပြီး နာမည်ကျော်ကြားတဲ့ နှစ်ကျပ်ခွဲရွာကို ရောက်ရှိခဲ့ရတာက ခရီးစဉ်အတွင်း အမြတ်တစ်ခုလို့ ပြောရတော့မှာပါ။

ထီးတော်လှူပ်စေတီကနေ ပြန်ထွက်လာခဲ့ကြပြီး နှစ်ကျပ်ခွဲရွာအလွန်ကိုရောက်တော့ ကားမောင်းနေရင်းနဲ့ အကြော်ဆိုင်တစ်ဆိုင်ကို ရုတ်တရက်မြင်တွေ့လိုက်ရတယ်။ နေ့လယ်စာထမင်းကို ပုပ္ပားတောင်မရောက်ခင် လက်ပံပျားရွာမှာစားထားပြီးကတည်းက နောက်ထပ်ဘာမှမစားရသေးလို့ ဗိုက်ထဲမှာဆာတာတာဖြစ်နေတာနဲ့ အဆာပြေစားရအောင် အကြော်ဆိုင်အနီးမှာ ကားကိုရပ်လိုက်တယ်။ ဆိုင်ထဲဝင်သွားပြီး အကြော်တွေကိုကြည့်လိုက်တော့ ဒယ်အိုးထဲက ဆယ်ထားခါစ လက်မလောက်အရွယ် ဘူးသီးကြော်ချောင်းလေးတွေနဲ့ လောက်စာလုံးလောက်အရွယ် ဗယာကြော်လုံးလေးတွေကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကားပေါ်မှာရှိနေတဲ့ ခရီးဖော်လူကြီးတွေကိုခေါ်ပြီး အကြော်ပူပူ၊ အချဉ်ကောင်းကောင်း၊ ရေနွေးကြမ်းကျကျနဲ့ အဆာပြေစားသောက်လိုက်ကြတယ်။ ဗိုက်ဆာနေတဲ့အချိန်ဖြစ်နေတာကော၊ အကြော်လေးတွေက အရသာရှိပြီး စားကောင်းနေတာကြောင့်ကော နှစ်ပွဲထိ ကုန်သွားကြတယ်။ ဒ့ါပြင် ငွေရှင်းတဲ့အခါ တစ်ပွဲ တစ်ထောင်ကျပ်ဆိုလို့ အံ့သြသွားကြရတော့တယ်။ အကြော်လေးတွေက စားလို့ကောင်းသလောက် အလွန်စျေးသက်သာနေတာကြောင့်လဲ အံ့သြသွားကြရတာပါ။

နှစ်ကျပ်ခွဲရွာကနေ ပြန်လာပြီးတာနဲ့ ကြိုတင်ဖုန်းဆက်မှာထားတဲ့ ဟိုတယ်ကို သွားကြတယ်။ ဟိုတယ်က မြို့တွင်းနဲ့ မနီးမဝေး၊ ကျောက်ပန်းတောင်း-ပုပ္ပားလမ်းမကြီးပေါ်မှာပါ။ ဒီအချိန်က ဝါဆိုကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်၊ အများပြည်သူတွေ ခရီးသွားလာချိန်၊ ဟိုတယ်တွေ၊ တည်းခိုခန်းတွေမှာ တည်းခိုသူတွေအပြည့်ဖြစ်နေပြီး အခန်းတွေမရနိုင်အောင်ဖြစ်လိမ့်မယ်အထင်နဲ့ ဟိုတယ်နဲ့အခန်းတွေကို ကြိုတင်မှာကြားထားခဲ့ပေမဲ့ တကယ်တမ်း ဟိုတယ်ကိုလဲရောက်ရော အခန်းယူတည်းခိုနေကြသူတွေ တစ်ဦးတစ်ယောက်မှမရှိကြဘဲ မိမိတို့ခရီးဖော်တစ်ဖွဲ့တည်းသာ ဖြစ်နေတယ်။ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်ကာလကတည်းက ဟိုတယ်၊ တည်းခိုခန်းတွေမှာ ဧည့်သည်တွေ နည်းပါးသွားခဲ့တာ အခုအချိန်ထိ လုပ်ငန်းတွင်ကျယ်မှုမရှိသေးကြောင်း သိရတယ်။

ဟိုတယ်ကိုရောက်ရှိပြီးတာနဲ့ ရေချိုး၊ အဝတ်အစားလဲပြီးချိန်မှာ ညနေစာ ထမင်းစားသောက်ကြဖို့ မြို့တွင်းကို ထွက်လာခဲ့ကြတယ်။ ကျောက်ပန်းတောင်းမှာ ဘယ်ဆိုင်က ထမင်းဟင်း၊ အစားအသောက်တွေ ကောင်းတယ်ဆိုတာကို လိုက်လံရှာဖွေစားသောက်လိုက်ပါအုံးမယ်။

# ရှိတ် ရုပ်သံဇာတ်လမ်းတွဲကို fortune tv မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဩဂုတ် ၂၄**

ရှိတ် ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၂၆ ရက်မှ စတင်ကာ fortune tv မှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာ ရဲနောင်က ပြောပြ၍ သိရသည်။

ရှိတ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို YOLO က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို Skyward Art Team က ရေးသားထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာ ရဲနောင်နှင့် တွဲဖက်ဒါရိုက်တာများအဖြစ် ကိုဆေး၊ ဆင်းရနံ့တို့က ရိုက်ကူးထားကြောင်း သိရသည်။

"လူငယ်အကြိုက် လူငယ်သဘာဝ၊ လူငယ်အချစ်ဇာတ်လမ်း ရိုးရိုးလေးပါပဲ။ ခေတ်ပေါ် အက (Dancing) နဲ့ အသက်မွေးဝမ်းကျောင်းနေတဲ့ လူငယ်လေးတွေအကြောင်း ဇာတ်အိမ်ဖွဲ့ထားတာပါ။ ခေတ်ပေါ် အကအလှတွေနဲ့ လူငယ်သဘာဝ၊ လူငယ်ဘဝ၊ လူငယ်တွေရဲ့အချစ်ဇာတ်လမ်းတွေကို မြင်ရမှာပါ"ဟု ဒါရိုက်တာ ရဲနောင်က ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၂၆ ရက်မှစတင်ကာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း နံနက် ၁၀ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှိတ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခရစ်၊ ဟန်သာ၊ တေးမင်း၊ ဆွေလင်းသစ်၊ ဇစ်၊ မြပွင့်ဖြူ၊ ဆုဇီ၊ နှင်းအိ စသည့် သရုပ်ဆောင်များက အဓိကပါဝင်သရုပ်ဆောင်ထားပြီး သရုပ်ဆောင် ထူးသာ၊ ညီဂျော်၊ မျိုးမျိုးခိုင်၊ ခင်မှိုမှိုအေးတို့က ပါဝင်အားဖြည့်ပေးထားကြောင်း သိရသည်။

ASH

# fortune tv မှ ထုတ်လွှင့်ပြသနေသော ရုပ်သံဇာတ်လမ်းတွဲများမိတ်ဆက်ပွဲ fortune tv Road Show 2023-2024 ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

fortune tv မှ ထုတ်လွှင့်ပြသနေသော ရုပ်သံဇာတ်လမ်းတွဲများ မိတ်ဆက်ပွဲ fortune tv Road Show 2023-2024 ကို ဩဂုတ် ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ နိုဗိုတယ် ဟိုတယ်၌ ကျင်းပခဲ့ကြောင်း fortune tv Road Show 2023-2024 Program မှ စီစဉ်သူ မင်းစွမ်းပြည့်က ပြောပြ၍ သိရသည်။

fortune tv Road Show 2023-2024 Program မှ Horror Moments, Food Around Myanmar Reality Show၊ သဘင်စတား၊ အိုမားရေးတဲ့ပုံးစာ ဟာသဇာတ်လမ်းတွဲ၊ မှန်ထဲက မိန်းမ၊ The Horror Series၊ Shake it ဇာတ်လမ်းတွဲ၊ တာတီး ဇာတ်လမ်းတွဲ၊ The Teacher ရုပ်ရှင်ဇာတ်ကား စသည့်ရုပ်သံဇာတ်လမ်းတွဲများကို လက်ရှိပြသနေသည့်အပြင် ရုပ်သံဇာတ်လမ်းတွဲအသစ်များကိုလည်း ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။




"ထိတ်လန့် ချောက်ချားဖွယ်တွေကို Horror Moments အစီအစဉ်ကနေ ရိုက်ကူးထုတ်လွှင့်နေပါတယ်။ fortune tv ပရိသတ်တွေက ထပ်မံတောင်းဆိုလာတာကြောင့် လာမဲ့အစီအစဉ်သစ်တစ်ခုအနေနဲ့ ထပ်မံရိုက်ကူး ထုတ်လွှင့်ပြသွားမဲ့ အစီအစဉ်ကတော့ သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေတဲ့နေရာတွေ၊ လူမနေတာကြာပြီဖြစ်တဲ့အိမ်တွေနဲ့ သင်္ချိုင်းတွေကို သွားရောက်ပြီး ရိုက်ကူးထုတ်လွှင့်သွားဖို့လဲ ရှိပါတယ်။ ပရိသတ်တွေ ရိုးမသွားအောင် ပရလောကနဲ့ပတ်သက်ပြီး ပြန်လည်စတင်ပြသဖို့လဲ အသင့်ဖြစ်နေပါပြီ"ဟု မင်းစွမ်းပြည့်က ပြောပြသည်။

ASH

# Miss Universe Myanmar 2023 ပြိုင်ပွဲကို Novotel Hotel တွင် ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၄**

Miss Universe Myanmar 2023 ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Novotel Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း Miss Universe Myanmar 2023 National Director မစိုးယုဝေက ပြောပြ၍ သိရသည်။

Miss Universe Myanmar 2023 ပြိုင်ပွဲကို လာမည့်စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ Miss Universe Myanmar 2023 ပြိုင်ပွဲဝင်အလှမယ်များ၏ Swimsuit Presentation ကို စက်တင်ဘာ ၂ ရက်နှင့် National Costume Competition ကို စက်တင်ဘာ ၅ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"Miss Universe Myanmar 2023 ပြိုင်ပွဲမှာ ပွဲကြည့်ရတဲ့သူတွေ ထူးခြားမှုလေးဖြစ်အောင် ဖျော်ဖြေရေးတွေကိုလဲ ထည့်ဖို့စီစဉ်နေပါတယ်။ ပွဲကိုလဲ ကျစ်ကျစ်လျစ်လျစ်နဲ့ သပ်သပ်ရပ်ရပ်ဖြစ်အောင် ကြိုးစားလုပ်ဆောင်နေပါတယ်။ ဒီပွဲအတွက် မြို့နယ်အလိုက် City Director တွေ ခန့်အပ်ပြီး တစ်ဆင့်ရွေးချယ်တာမို့ စိတ်ဝင်စားပြီး ဝင်ရောက်ယှဉ်ပြိုင်တဲ့ အလှမယ်တွေ ပိုများလာပါတယ်။ အမှန်တကယ်က ၃၆ မြို့နယ် ရွေးချယ်ခဲ့တာပါ။ ကျန်တဲ့သူတွေက အကြောင်းကြောင်းကြောင့် မပါဝင်တဲ့သူတွေရှိလို့ လက်ရှိ ၃၂ ယောက်ပဲ ပါဝင်ယှဉ်ပြိုင်ကြမှာပါ။ ပြိုင်ပွဲဝင်အလှမယ်တွေမှာ တချို့က ပြိုင်ပွဲအတွေ့အကြုံရှိတယ်။ တချို့က နောက်က ပရိသတ်အင်အားတောင့်တင်းမှုရှိတာများတော့ ပြိုင်ပွဲက ပြိုင်ဆိုင်မှုပြင်းထန်လာတာ တွေ့ရမှာ။ အလှမယ်တွေကို Photo Shooting တွေလုပ်နေရင်း ၁၀ ရက်ကြာ Camp သွင်း လေ့ကျင့်သွားမယ်"ဟု Miss Universe Myanmar 2023 National Director မစိုးယုဝေက ပြောပြသည်။

အဆိုပါပြိုင်ပွဲတွင် ဇန်းမော်၊ ရန်ကုန်(အရှေ့ပိုင်းခရိုင်)၊ မော်လမြိုင်၊ တောင်ကြီး၊ ဖလမ်း၊ စစ်တွေ၊ မြစ်ကြီးနား၊ မိုးကုတ်၊ ကွတ်ခိုင်၊ မူဆယ်၊ ပုသိမ်၊ လားရှိုး၊ ပြည်၊ ပြင်ဦးလွင်၊ ပျဉ်းမနား၊ ရန်ကုန် (တောင်ပိုင်းခရိုင်)၊ ဖားကန့်၊ ကော့ကရိတ်၊ ဘားအံ၊ အမရပူရ၊ မုံရွာ၊ မိတ္ထီလာ၊ ကျိုင်းတုံ စသည့်မြို့ကိုယ်စားပြု အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Transformers ဇာတ်ကားများတွင် Rise of the Beasts က ဝင်ငွေအနည်းဆုံးဖြစ်

**နယူးယောက် ဩဂုတ် ၂၄**

Transformers: Rise of the Beasts ဇာတ်ကားသည် Transformers ဇာတ်ကားများအနက် စုစုပေါင်းဝင်ငွေအနည်းဆုံးဇာတ်ကားဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

Rise of the Beasts ဇာတ်ကားသည် Transformers ဇာတ်ကားများအနက် သတ္တမမြောက် Transformers ဇာတ်ကားဖြစ်သည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် Rise of the Beasts ဇာတ်ကားကို ယခုနှစ် ဇွန် ၉ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

Rise of the Beasts ဇာတ်ကား၏နောက်ဆုံးစုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၃၆ ဒသမ ၆ သန်းထိရှိသည်။

Transformers ဇာတ်ကားများအနက် စုစုပေါင်းဝင်ငွေအမြင့်ဆုံးဇာတ်ကားမှာ Transformers: The Dark of the Moon(2022) ဇာတ်ကားဖြစ်ပြီး စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၃ ဘီလီယံထိရှိခဲ့သည်။

Transformers:Rise of the Beasts ဇာတ်ကားကို ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက ရိုက်ကူးပေးခဲ့ပြီး မင်းသား အန်တိုနီရာမို့၊ မင်းသမီး လီဇာကိုရှီနှင့် မိခဲ့ယိုတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO




# Rebel Moon Part-2 ဇာတ်ကားကို Netflixက လာမည့်နှစ်ဧပြီလတွင် ရုံတင်ရန်စီစဉ်

**နယူးယောက် ဩဂုတ် ၂၄**

Rebel Moon Part-2 ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်တွင် ရုံတင်ပြသရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် Rebel Moon Part-2 ၏ တရားဝင်ဇာတ်ကားနာမည်ကိုလည်း Netflix ကုမ္ပဏီက ဩဂုတ် ၂၃ ရက်တွင် ကြေညာထားသည်။

Netflix ကုမ္ပဏီ၏ကြေညာချက်အရ Rebel Moon Part -2 ၏ တရားဝင်ဇာတ်ကားနာမည်မှာ Rebel Moon Part-2: The Scargiver ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Netflix သည် Rebel Moon Part-1: A Child of Fise ကို ယခုနှစ် ဒီဇင်ဘာလအတွင်း ရုံတင်ရန်စီစဉ်ထားသည်။

Rebel Moon Part -1: ကို ဒါရိုက်တာ ဇက်ရှနိုက်ဒါက တာဝန်ယူရိုက်ကူးပေးထားပြီး Rebel Moon Part 2 ကိုလည်း ၎င်းကပင် တာဝန်ယူရိုက်ကူးပေးမည်ဖြစ်သည်။

Rebel Moon Part - 2 ဇာတ်ကားတွင် မင်းသား ချာလီဟန်နမ်၊ အန်တိုနီဟော့ကင်းနှင့် မင်းသမီး ကလီယိုပတ်ထရာကိုးဗင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO



# More domestic and foreign tourists visit Taungthaman Bridge and lake from third week of August


The spectacular view of Taungthaman Bridge and Lake.

**Mandalay August 24**

The number of domestic and foreign tourists visiting Taungthaman Bridge and lake has increased since the third week of August, according to U Soe Win, secretary of the bridge maintenance group.

Taungthaman Bridge in Mandalay is one of the places that local and foreign tourists are interested in visiting.

"Now, the number of domestic and foreign tourists visiting Taungthaman Bridge and lake has increased significantly. Recently, more and more tourists come to watch the beauty of the sunset from the bridge and lake," he continued.

In the second week of August, the number of domestic and foreign tourists to the Taungthaman lake and bridge was only more than 400 per day, but now, starting from the third week of August, the number of tourists visiting the bridge and lake has reached more than 600 per day.

More than 50 boats are running around the Taungthaman Lake to allow local and foreign tourists to visit the beauty of the sunset inside the lake. 184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pawsan paddy fetches K255,000 per 100-basket in Maubin Township

**Maubin August 24**

Pawsan variety of paddy fetched K255,000 per 100-basket in Maubin Township of Ayeyawady Region, said rice and paddy broker Daw Cherry of Maubin.

Such kind of paddy earned K212,000 per 100 baskets in June and July in Maubin Township. From August to date, such variety of paddy fetched K255,000 per 100 baskets. High prices of paddy were based on low number stocks of Pawsan paddy and high demand from Yangon market.

"Prices of Pawsan paddy are high due to low stock and high demand from Yangon market. At present, we sell Pawsan at K255,000 per 100 baskets. In fact, the domestic market is facing high demand. In the past, we had sent 1,000 baskets of paddy to Yangon at least five times. Now, some 1,500 baskets of paddy can be sent to Yangon within two days. Moreover, we distribute rice to Yangon, too. Currently, low-grade rice varieties also fetch good prices," said Daw Cherry.

Rice and paddy brokerages in Maubin Township purchase rice and paddy from farmers and send them to Yangon market. So, it was reported that some 1,600 baskets of Pawsan paddy can be traded on a daily basis.

As price of Pawsan paddy rises, those who store the paddy in summer can earn increased incomes.

Kyaw Kyaw Lin


Newly harvested paddy.

# Installation of power cables in Pwintbyu Township spends more than 320 million

**Pwintbyu August 24**

Three companies take responsibility for installation of power cables in Pwintbyu Township of Magway Region in 2023-34 financial year, spending more than K320 million from the region budget, said district senior engineer U Kyaw Kyaw Aung of the Minbu District Electricity Supply Enterprise.

Tender winners Kan Lin Let, Shine Khant Hein and Summit Power companies are installing power cables in the township.

"Tender No 1 covers installation of a 315 KVA transformer in Uyinkyit Village of Pwintbyu Township, 0.15 mile long 11 KV AWOC cable line and a 200 KVA transformer, 0.15 miles long 11 KVA line in south Sanpya Village, 11/-4 line, one 200 KVA transformer, substitution of concrete lamp posts in the placement of wooden posts in Uyinkyit Village, which spent K95.5 million from the region budget. Tender No 2 is being implemented for substitution of lamp posts and substitution of one mile long cables in Shauktaw Villager, and more new cables in Thettawshay ward, spending K108 million," said the senior engineer.

He continued, "More new cables were used in the places of old ones in the electricity supply enterprise of the township, installation of transformers, cables and using concrete posts in Thayettaw, Kyaungtawya and west Pwintbyu, spending K119.036 million."

A total of 197 of 205 wards and villages in Pwintbyu Township can consume electricity. There remain eight villages to get electricity, and at present, the whole township uses 23,405 electric meters, according to the district ESE.

Po Htet

# Plum seeds getting amazing prices as Chinese demand increases

**Mandalay August 24**


Plum seeds from the Mandalay market are now seeing a good demand from China with good prices, according to local merchants.

Myanmar's plum is of three species. The price of plum seeds was K24,000 per viss in March this year, but it jumped to K70,000 in the third week of August, said U Soe Win Myint, owner of Soe Win Myint brokerage.

"Seeds we got after grinding plums are getting very good prices because the Chinese demand is high. In the market of Myanmar, they are not usually usable. We have learnt that plum seeds are used in China for producing traditional medicines. This is why we are getting amazing prices. It has become one of the major export items. Now with the small industries in operation, local people are getting more jobs. Plum trees grow naturally. So they also should be grown in plantations," Soe Win Myint suggested.

Plums naturally grow in Mandalay, Sagaing and Magway regions. Plume grinders are used to grind plums.

185


A bowl of plums is usually eaten with fish sauce and chili as a traditional food.

# Monsoon sesame fetches K140,000 per basket in Magway Region



Newly harvested sesame.

**Minbu August 24**

As now is time to harvest monsoon sesame in Magway Region, local farmers have K140,000 per basket, according to the local sesame growers in Minbu Township.

In the corresponding period last year, monsoon sesame fetched less than K100,000 per basket but it was traded at K140,000 per basket in the harvesting period this year.

"As our region does not have irrigation facilities as well as underground water, we rely on monsoon raindrops annually. We grow sesame the whole monsoon. This year, I grow more than 15 acres of monsoon sesame. I cost some K400,000 per acre of sesame including all farming expenditure. I cultivated black sesame and white sesame," said U San Oo, local farmer of sesame in Maungmakan Village of Minbu Township.

The farmer continued, "I harvested and winnowed sesame on recent days. Due to favourable weather for all farmers, my farm yields some 10 baskets of sesame per acre. This year, farmers from the whole region enjoyed the best yield. My farmland yields more than 160 baskets of sesame."

This year, sesame growers are happy for high prices of crops, fetching some K140,000 per basket compared to some K80,000 per basket last year.

In monsoon 2023, Minbu Township cultivated 63,748 acres of monsoon sesame. Merchants purchase K142,000 per basket of monsoon white sesame, K122,000 red sesame and K110,000 black sesame, according to the crop brokerages in Minbu Township.

Po Htet (Minbu)

# Chandrayaan-3: India lunar rover Pragyaan takes a walk on the Moon

**Delhi August 24**

India's Moon rover has taken first steps on the lunar surface a day after the country made history by becoming the first to land near the south pole.

Chandrayaan-3's rover "ramped down" from the lander and "India took a walk on the Moon!", the space agency said.

The Vikram lander successfully touched down as planned on Wednesday evening.

With this, India joins an elite club of countries to achieve a soft landing on the Moon, after the US, the former Soviet Union and China.

The 26kg rover called Pragyaan (the Sanskrit word for wisdom) was carried to the Moon in the Vikram lander's belly.

After the dust raised by last evening's landing had settled, panels on one side of Vikram opened to deploy a ramp to enable Pragyaan to slide down to the lunar surface.

It will now roam around the rocks and craters, gathering crucial data and images to be sent back to Earth for analysis.

Pragyaan is carrying two scientific instruments which will try to find out what minerals are present on the lunar surface and study the chemical composition of the soil. BBC

# Straw mushroom fetches K9,000 per viss in Bogale Township

**Bogale August 24**

Straw mushroom is marketable in Bogale Township of Ayeyawady Region, fetching K9,000 per viss, said agricultural produce trader U Kyaw Kyaw.

Straw mushroom was traded at K5,500 to K6,500 per viss in June and July in the township, compared to K7,500 to K9,000 per viss as from 1 August. So, market demand is high for straw mushroom.

"At present, we have many orders for distribution of straw mushroom. Now, we sell K9,000 per viss of mushroom in the market. We sell the mushroom to merchants in a rotation by holding the stock orders. Restaurants at home use straw mushroom as a dish, causing high demand in the market. Merchants from Yangon market demand the mushroom as ours' are fresh," said U Kyaw Kyaw.

Local growers send straw mushroom to Yangon as their main market. A grower use 10 to 20 patches of mushroom. So, the market in Bogale trades 500 to 1,500 viss of straw mushroom per day.

Kyaw Kyaw Lin



A straw mushroom plantation.

# North Korea's second spy satellite launch fails

**Pyongyang August 24**

North Korea's second attempt to put a spy satellite into space has failed, three months after its first launch crashed into the sea.

The attempt on Thursday morning failed during the third stage of its flight, state media said.

For North Korean leader Kim Jong Un, a spy satellite is a coveted prize, as it would let him monitor incoming attacks and plot his own more accurately.

Pyongyang's space agency has said it will try again in October.

South Korea said it detected the launch of the rocket at around 03:50 local time (18:50 GMT), and that it had flown through international airspace over the Yellow Sea between mainland China and the Korean peninsula.

The launch prompted an emergency warning in Japan's southernmost Okinawa prefecture minutes later, urging residents to take cover indoors. The alert was lifted after about 20 minutes.

Condemning the launch, Japanese Prime Minister Fumio Kishida said: "Behaviour like this goes against the UN resolutions and we're already firmly protesting."

The US urged North Korea to refrain from "further threatening activity" and called on Pyongyang to engage in serious diplomacy.

BBC



North Korea's second attempt to put a spy satellite into space has failed.

# Yamethin Township grows over 1,600 acres of monsoon cotton exceeding target

**Yamethin August 24**

More than 1,600 acres of cotton have been grown in Yamethin Township, Mandalay Region, in the current monsoon cultivation season to help meet the domestic demand, said U Aung Myo Thant, head of the Township Agriculture Department.

Cotton is grown in the pre-monsoon, monsoon and late monsoon every year. This monsoon, the growing of 1,000 acres of cotton as targeted started in the first week of June and 1,664 acres have been grown under cotton. Therefore, the target has been exceeded this year.

"Long staple cotton is suitable for the soil of Yamethin Township. Local farmers grow it yearly. This monsoon, it is targeted to grow 1,000 acres of cotton. But we have grown 1,664 acres. Cotton is needed domestically and has a high demand. Cotton is easily marketable for the growers," he said.

The township mainly grows three species of cotton. Shwetaung species-10 is mostly grown. Other hybrid species of cotton imported by private companies are also grown. 185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းနိုင်ငံက Bryansk ဒေသအတွင်းသို့ တိုက်ခိုက်ရန်ကြိုးပမ်းမှုကို ရုရှားတားဆီးခဲ့



ရုရှားလုံခြုံရေးအေဂျင်စီများသည် Bryansk ဒေသအတွင်းသို့ ယူကရိန်းနိုင်ငံက တိုက်ခိုက်ရန်ကြိုးပမ်းမှုကို ဩဂုတ် ၂၂ ရက်က တားဆီးခဲ့ကြောင်း အုပ်ချုပ်ရေးမှူး Aleksandr Bogomaz က သတင်းထုတ်ပြန်ခဲ့သည်။

ဖောက်ခွဲရေးသမားများသည် Federal Security Service (FSB) မှ နယ်ခြားစောင့်တပ်များ၊ စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် အမျိုးသားအစောင့်တပ်၏ ဒေသဆိုင်ရာဌာနခွဲမှ ကွန်မန်ဒိုများ၏တန်ပြန်ချေမှုန်းခြင်းခံခဲ့ရကြောင်း Bogomaz က လူမှုမီဒီယာတွင် ပြောကြားခဲ့သည်။

နှစ်ပတ်အတွင်း Bryansk ဒေသတွင် တတိယမြောက် တိုက်ခိုက်ရန်ကြိုးပမ်းမှုဖြစ်ပြီး ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့က သီးခြားတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

ယခင်ကာလအတွင်း ဒေသခံလယ်သမားတစ်ဦး ဒဏ်ရာရခဲ့ကြောင်း၊ အဆိုပါကြိုးပမ်းမှုတွင် ယူကရိန်းအဖျက်သမားလေးဦးသေဆုံးခဲ့ပြီး ရုရှားတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း Bogomaz ၏ အဆိုအရ သိရသည်။

ယခုတစ်ကြိမ်တွင် Bryansk ၏ Klimovsk ခရိုင်၌ ဖြစ်ပွားခဲ့ကြောင်း Bogomaz က ပြောကြားခဲ့သည်။

အဆိုပါဒေသသည် တောင်ဘက်တွင် ယူကရိန်းနှင့် အနောက်ဘက်တွင် ဘီလာရုစ်နိုင်ငံတို့ နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်မြေလည်းဖြစ်သည်။

ပင်လယ်နက်မြောက်ပိုင်းတွင် ယူကရိန်းကမ်းတက်တပ်ဖွဲ့မှ အဖွဲ့တစ်ဖွဲ့တင်ဆောင်လာသည့် အမေရိကန်ထုတ် စပိဘုတ်တစ်စီးကို ရုရှားတပ်ဖွဲ့များက ပစ်ခတ်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယူကရိန်းကမ်းရိုးတန်းနှင့်ရှိမေးနီးယားရေပိုင်နက်အနီးရှိ ကုန်းမြေဧရိယာ အနည်းငယ်သည် ကျွန်းသဖွယ်တည်ရှိနေသည့် မြေကျွန်းအရှေ့ဘက်တွင် စပိဘုတ်လှေကို ပစ်ခတ်ဖျက်ဆီးနိုင်ခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားစစ်ဘက်သည် ပစ်မှတ်ကို Willard Sea Force သုံး စပိဘုတ်ရေယာဉ်ဟု စိစစ်ခွဲခြားဖော်ထုတ်နိုင်ခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုတွင် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ရုရှားစစ်လေယာဉ်မှရိုက်ကူးထားသော ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ဗီဒီယိုဖိုင်ကို ထုတ်ပြန်ခဲ့သည်။ တိုက်လေယာဉ်သည် အချိန်တိုအတွင်း တိုက်ခိုက်ဖျက်ဆီးမှုမတိုင်မီ စပိဘုတ်သည် လှုပ်ရှားစစ်ကစားမှုများပြုလုပ်၍ တိုက်ခိုက်မှုကိုရှောင်တိမ်းရန်ကြိုးပမ်းခဲ့သေးသည်။ ကယ်လီဖိုးနီးယားအခြေစိုက် Willard Marine သည် ယူကရိန်းစစ်ဘက်ထံ စပိဘုတ်လှေငါးစီးကို ၂၀၁၃ ခုနှစ်တွင်ရောင်းချခဲ့ပြီး ၎င်းဝယ်ယူမှုကို အမေရိကန်က ပံ့ပိုးပေးခဲ့ကြောင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါ စပိဘုတ်လှေများကို ၂၀၁၅ ခုနှစ်တွင် Odessa သို့ ပို့ဆောင်ခဲ့သည်။ ယူကရိန်းဘက်မှ ငွေပေးချေပြီးသောအခါ ပြီးခဲ့သည့် နှစ်အနည်းငယ်က Willard Marine ထံမှ လှေရှစ်စီးကို ထပ်မံဝယ်ယူခဲ့ကြောင်း သိရသည်။

Sea Force စပိဘုတ်လှေများတွင် တောင့်တင်းသော လေထိုးသွင်းအသုံးပြုနိုင်သည့် ကင်းလှည့်လှေများ ပါဝင်သည်။ မော်ဒယ်၏ အရွယ်အစားပေါ်မူတည်၍ တပ်ဖွဲ့ဝင် ခြောက်ဦး၊ ၁၀ ဦး သို့မဟုတ် ၂၆ ဦးထိရှိသောအဖွဲ့အတွက် သင့်လျော်သော ဗားရှင်းများကို ယူကရိန်းနိုင်ငံက ဝယ်ယူခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ယူကရိန်းနှင့်တိုက်ပွဲများဖြစ်ပွားပြီးနောက် မြေကျွန်းကို ရုရှားတပ်ဖွဲ့များက သိမ်းပိုက်နိုင်ခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ရုရှားတပ်ဖွဲ့ဝင်များကို ဇွန်လက မြေကျွန်းမှ ရုပ်သိမ်းခဲ့မှုအပေါ် ယူကရိန်းတို့ဘက်က ကြီးမားသောစစ်ရေးအောင်ပွဲဟု ခေါ်ဆိုသုံးနှုန်းခဲ့ကြသည်။ သို့သော်လည်း ရုရှားနိုင်ငံဘက်က အဆိုပါ တပ်ရုပ်သိမ်းပေးသောလုပ်ရပ်သည် ပင်လယ်နက်ကောက်ပဲသီးနှံ တင်ပို့ရောင်းချခွင့်ရရှိနိုင်ရေး သဘောတူညီချက်ကို အရှိန်မြှင့်လုပ်ဆောင်နိုင်ရန် ချစ်ကြည်ရေးလုပ်ဆောင်ချက်အဖြစ် ဖော်ပြခဲ့သည်။

အဆိုပါ ပင်လယ်နက် ကောက်ပဲသီးနှံ တင်ပို့ရေးအစီအစဉ်သည် ယူကရိန်းနိုင်ငံမှ လယ်ယာထွက်ကုန်များကို ပင်လယ်နက်မှတစ်ဆင့် တင်ပို့ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ukrainian infiltration attempt into Russia thwarted – governor နှင့် US-made military speedboat destroyed off Ukrainian coast – Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

## ပင်တဂွန်စစ်ဌာနချုပ်က ပဉ္စမမျိုးဆက်လေကြောင်းပစ်မှတ် 5GAT ရွေ့ပြေးပုံစံများထုတ်လုပ်ရန် ATI နှင့်စာချုပ်ချုပ်ဆို

ပင်တဂွန်စစ်ဌာနချုပ်သည် ပဉ္စမမျိုးဆက် လေကြောင်းပစ်မှတ် Fifth Generation Aerial Target (5GAT) ရွေ့ပြေးပုံစံများကို တီထွင်ထုတ်လုပ်နိုင်ရန်အတွက် Advanced Technology International(ATI) နှင့် အမေရိကန်ဒေါ်လာ ၇၇ သန်းတန်စာချုပ်ကို ဩဂုတ် ၂၁ ရက်က ချုပ်ဆိုခဲ့ကြောင်း သိရသည်။

5GAT စီမံကိန်းသည် စွမ်းဆောင်ရည်၊ ဝိသေသလက္ခဏာများနှင့် တန်ပြန်ဆောင်ရွက်မှုများအပါအဝင် ရန်သူ၏ ပဉ္စမမျိုးဆက် တိုက်လေယာဉ်များ၏ ဝိသေသစရိုက်လက္ခဏာများဖြင့် အနီးစပ်ဆုံးပုံစံတူ ဝေဟင်ပစ်မှတ်ကိုတီထွင်ရန် ရည်ရွယ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Advanced Technology International သည် ၎င်းစာချုပ်အတွက် စီမံခန့်ခွဲမှုဆိုင်ရာ အရေးပါသည့် မိတ်ဖက်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး Sierra Technical Services (STS) ကို အဓိကကန်ထရိုက်တာကုမ္ပဏီအဖြစ် ခေါ်ဆိုတင်ထားသည်။

အမေရိကန်စစ်ဘက်သည် တပ်တော်ဝင်ခြင်းမှရပ်ဆိုင်းထားသည့် ပဉ္စမမျိုးဆက် တိုက်လေယာဉ်များ၏ လေယာဉ်ကိုယ်ထည်များကို မရရှိနိုင်ခြင်းကြောင့် ပဉ္စမမျိုးဆက် တိုက်လေယာဉ်မှူးများကို လေ့ကျင့်သင်ကြားပေးရန် ဝေဟင်ပစ်မှတ်အဖြစ် အသုံးပြုထားသော ဒရုန်းဗားရှင်းစီမံကိန်းကို စတင်ခဲ့ခြင်းဖြစ်သည်။

သာမန်လေကြောင်းပစ်မှတ်များထက် တပ်တော်ဝင်ခြင်းမှ ရပ်နားထားသော လေယာဉ်ကိုယ်ထည်များသည် ပိုမိုဈေးသက်သာပြီး ရန်သူ့လေယာဉ်များ၏ ဝိသေသလက္ခဏာများကို ပိုမိုကောင်းမွန်စွာကိုယ်စားပြုနိုင်သောကြောင့် ၎င်းစီမံကိန်းတွင် ရွေးချယ်အသုံးပြုထားသည်။

"ဒီလေယာဉ်တွေဟာ တိုက်ပွဲဝင်လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ ရန်သူ့ခြိမ်းခြောက်မှုကို ကိုယ်စားပြုမှာဖြစ်ပြီး ဥပမာအားဖြင့် ကနဦးဝယ်ယူမှုကနေ ဒုံးကျည်နဲ့ ထိမှန်ပျက်စီးသွားတဲ့ထိ စမ်းသပ်မှုတွေ အနည်းအကျဉ်း လုပ်ဆောင်ပြီးတဲ့အခါ ပစ်မှတ်ကို မကြာခဏဆိုသလို တိုက်ခိုက်ဖျက်ဆီးခံရမှာဖြစ်ပါတယ်"ဟု အမေရိကန်ကြည်းတပ် စာချုပ်ချုပ်ဆိုရေးဌာနချုပ်က စာချုပ်သတိပေးချက်တွင် ရှင်းပြခဲ့ကြောင်း သိရသည်။

၎င်းသို့ ကန့်သတ်ချက်ရှိသော ဝေဟင်ပစ်မှတ်များအတွက် ကုန်ကျစရိတ်သက်သာစေရန် အသုံးမပြုတော့သည့် တိုက်လေယာဉ်များကို ဒရုန်းလေယာဉ်ဗားရှင်းသို့ပြောင်းလဲ၍ ယခင်က အသုံးပြုခဲ့သည်။



သို့သော်လည်း နောက်ဆုံးပေါ် ပဉ္စမမျိုးဆက် 5GAT တိုက်လေယာဉ်များ၏ ကုန်ကျစရိတ်နှင့် သက်တမ်းတိုးမြင့်လာမှုကြောင့် ပဉ္စမမျိုးဆက် 5GAT ခြိမ်းခြောက်မှုများ၏ ဝိသေသလက္ခဏာများကို လုံလောက်စွာကိုယ်စားပြုနိုင်သည့် လေယာဉ်ကိုယ်ထည်မျိုးကိုတော့ ရရှိနိုင်မည်မဟုတ်ကြောင်း အဆိုပါထုတ်ပြန်သတိပေးချက်တွင် ဖော်ပြထားသည်။

စီမံကိန်းတွင် ၎င်း၏စွမ်းဆောင်ရည်ပန်းတိုင်များပြည့်မီစေရန် ယခင်ဒီဇိုင်းကို ပြန်လည်ပြင်ဆင်ရမည်ဖြစ်သည်။ လေယာဉ်ဒီဇိုင်း၏ ထိရောက်မှုနှင့် တတ်နိုင်မှုတို့ကို သက်သေပြရန် မြေပြင်နှင့် ပျံသန်းရေးစမ်းသပ်မှုအပါအဝင် နောက်ထပ် ရွေ့ပြေးပုံစံတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော နမူနာများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Pentagon Revives Fifth-Gen Aerial Target Project ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရ



**ကျိုက်လတ် ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဇွန်လနှင့်ဇူလိုင်လက တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၂၂၅၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါဒေသထွက် နာနတ်သီးများကိုအလုံး ၁၀၀၀ လျှင် ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ ထိရရှိပြီး ရန်ကုန်မြို့မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"အခုနှစ် နာနတ်သီးဈေးကောင်းတော့ စိုက်တဲ့သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ နာနတ်သီးက အခုနှစ် ပြည်တွင်းမှာကို အဝယ်လိုက်နေပါတယ်။ အထွက်နည်းတာကြောင့်လဲ ဈေးကောင်းရရှိနေတဲ့ သဘောရှိပါတယ်။ ဒေသထွက် နာနတ်သီးတွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အခုနှစ် ဈေးကောင်းရရှိတဲ့အပြင် သဘာဝဘေးကြောင့် အပျက်အစီးနည်းတော့ တောင်သူတွေအများစု အဆင်ပြေတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် နာနတ်သီးများကို ကျေးလက်ဒေသများက အများဆုံးစိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် တစ်ဧကမှ ၁၀ ဧကထိ စိုက်ပျိုးကြကြောင်း၊ ယခုနှစ် စိုက်ပျိုးထားသည့် နာနတ်သီးများ အရည်အသွေးကောင်းမွန်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ငွေးကုန်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် ရေနံချောင်းမြို့နယ် ငွေးကုန်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ငွေးကုန်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ လုပ်ငန်းများရေရှည်တည်တံ့စေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။



ရေနံချောင်းမြို့နယ် ငွေးကုန်းကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၂၉ သန်းဖြင့် 11.25 KW ဆိုလာပြားများနှင့် ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် Pro Engineering ကုမ္ပဏီမှ တာဝန်ယူ၍ ယခုနှစ် ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် ငွေးကုန်းကျေးရွာရှိ အိမ်ခြေ ၂၁၃ အိမ်၊ လူ ၁၀၉၅ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး ဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ဂွမြို့နယ် စေတီကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဂွ ဩဂုတ် ၂၄**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စေတီကွင်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ထားသောလုပ်ငန်းများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် တာဝန်ရှိသူများက စေတီကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရပ်မိ၊ ရပ်ဖများ၊ တာဝန်ရှိသူများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂွမြို့နယ် စေတီကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၃ ဦးကို ငွေကျပ် ၃၉ ဒသမ ၉၄ သန်းထိ ထုတ်ချေးနိုင်ခဲ့ကာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်ထံမှ သိရသည်။

**ကိုသန်း**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၄-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၃ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်အခါသမယ၌ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၂၄ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ်ချန်အိုချာ (ငြိမ်း)တို့အကြား၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်းဝီနိုင်းတို့အကြား ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံမှ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်းဝီနိုင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၄ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်ကျရောက်သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်သွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော အထိမ်းအမှတ်အခါသမယတွင် မိမိမှဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နွေးထွေးစွာဆုမွန်ကောင်းများပို့သပါကြောင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် ဆယ်စုနှစ်များစွာတိုင် နှစ်နိုင်ငံအကြားတည်ရှိခဲ့သည့် အိမ်နီးချင်းကောင်းဆက်ဆံရေးနှင့်ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတို့ကို အစဉ်အလေးထား တန်ဖိုးထားလျက်ရှိပါသည်။ နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်စတင်ထူထောင်သည့် စိန်ရတုအထိမ်းအမှတ်သည် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်လိုက်သည့် အခါသမယဖြစ်သည့်အားလျော်စွာ နှစ်နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက်ရေရှည်မြဲလျက် မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတို့ကို နှစ်နိုင်ငံချင်းသာမက နိုင်ငံတကာမျက်နှာစာတွင်ပါ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးအတွက် အဆွေတော်နှင့် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားနိုင်မည်ဟု မျှော်လင့်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် ထိုင်းနိုင်ငံနှင့် ထိုင်းပြည်သူပြည်သားများ အဓွန့်ရှည်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ် ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်းဝီနိုင်းထံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ပေးပို့သည့်သဝဏ်လွှာ

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ထိုင်းပြည်သူများ၏ ကိုယ်စား မိမိမှဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းများပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် ၇၅ နှစ်ကျော်ကာလအတွင်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် ခိုင်မာအားကောင်းမှုရှိခဲ့ပြီးဖြစ်ပါသည်။ မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးသည်လည်း ဆက်လက်တိုးတက်ခိုင်မာလာခဲ့ပါသည်။ မဟာဗျူဟာမြောက်မိတ်ဖက်များဖြစ်သည့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မိမိတို့နှစ်နိုင်ငံနှင့်ပြည်သူများအတွက် ဘုံစိန်ခေါ်မှုများကိုဖြေရှင်းခြင်းနှင့် သာယာဝပြောမှုများဖော်ဆောင်ခြင်းတို့ဆီသို့ ဦးတည်သည့်လမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါသည်။

ယခုကဲ့သို့ အရေးပါသည့် နှစ်ပတ်လည်အထိမ်းအမှတ်အခါသမယတွင် ငြိမ်းချမ်းရေး၊ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အတူတကွဖော်ဆောင်ပြီး ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုများ လာမည့်နှစ်များစွာတိုင် ဆက်လက်ရှင်သန်စေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ခိုင်မာအားကောင်းအောင် ဆောင်ရွက်သွားမည့် ထိုင်းနိုင်ငံ၏ ကတိကဝတ်ကိုထပ်လောင်းအတည်ပြုအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရေးနှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့်ခရီးသွားလာရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုအပါအဝင် ကဏ္ဍစုံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်ဖော်ဆောင်သွားနိုင်မည်ဟု မိမိအနေဖြင့် အပြည့်အဝယုံကြည်ထားပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ဝန်ကြီးချုပ် ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

☐ **ထိုင်းနိုင်ငံဝန်ကြီးချုပ်မှ**

ဘုံစိန်ခေါ်မှုများကိုဖြေရှင်းရန် အတူတကွလက်တွဲလုပ်ဆောင်ခဲ့ကြပြီး အပြန်အလှန်အကျိုးစီးပွားအတွက် ကျယ်ပြန့်သည့် နယ်ပယ်ပေါင်းစုံတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

စစ်မှန်သည့် အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် အေးချမ်းသာယာဝပြောသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်လိုသည့် မြန်မာနိုင်ငံ၏ရည်မှန်းချက်အပေါ် ထိုင်းနိုင်ငံအနေဖြင့် ခိုင်မာစွာထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုလိုပါသည်။ နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်လုပ်ဆောင်မည့် မိမိတို့၏ကတိကဝတ်မှာလည်း မယိမ်းမယိုင်ဘဲ တည်ရှိနေမည်ဖြစ်ပါသည်။ မိမိတို့အကြား တည်တံ့ခိုင်မြဲသည့် မိတ်ဖက်ဆက်ဆံရေးမှာလည်း ဆက်လက်ရှင်သန်တိုးတက်လျက် မိမိတို့နှစ်နိုင်ငံ၏အပြန်အလှန်ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနှင့် တိုးတက်မှုများ ရှေ့ဆက်ဖော်ဆောင်သွားနိုင်ရန်အတွက် လမ်းပြပေးသွားနိုင်မည်ဟု မိမိအနေဖြင့် ခိုင်မာစွာယုံကြည်ထားပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

**(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၅-၈-၂၀၂၄ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | Keep it Nature |
| ၃။ | ၁၆:၂၀ | I Music |
| ၄။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၅။ | ၂၁:၄၀ | ဇာတ်လမ်းအသွင် တေးသံစဉ် |

## သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ် ၁၀ မြို့နယ် ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပထမဆုရရှိသော မော်လမြိုင်မြို့နယ် အသင်းကို တံခွန်ဖိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပထမဆုရရှိသော မော်လမြိုင်မြို့နယ်အသင်း၊ ဒုတိယဆုရရှိသော မုဒုံမြို့နယ်အသင်း၊ တတိယဆုရရှိသော သထုံမြို့နယ်အသင်းနှင့် ဒိုင်အဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်ငွေများနှင့် တံခွန်ဖိုက်ဒိုင်းဆုတို့ကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာခြင်းလုံးပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

# ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၄**

ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် သန်လျင်တပ်နယ်အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်၍ ပျိုးပင်များစိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရလေကာပင်ဖြစ်သော မန်ဂျန်းရှားပင် ၂၀၀၊ နှစ်ရှည်သီးပင်စားပင်များဖြစ်သော မကျည်းပင် ၃၀၀ နှင့် စိန်တလုံးသရက်ပင် ၂၆၇ ပင် စုစုပေါင်း ၇၆၇ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဩဂုတ် ၂၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၆၇၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၇၇/၂၀၂၃**

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၈ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)

**ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်မြင့်အား ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့်ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA- 011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၃၇၀၀၀၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြို့မြို့ဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် အဖိတ်နေ့နှင့် ဥပုသ်နေ့များ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အဖိတ်နေ့နှင့် ဥပုသ်နေ့ဖြစ်သော ဩဂုတ် ၂၃ ရက်နှင့် ယနေ့တို့တွင်အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ဘုရားကျောင်း၊ကန်၊သိမ်၊ဇရပ်၊တံတား၊ဥယျာဉ်များ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊မာရဝိဇယကျောင်းတော်၊အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီအဆူ ၇၂၀ တို့အပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလှည့်လည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများကို ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန်အခက်အခဲဖြစ်သည့် ဘိုးဘွားများကို အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ အခမဲ့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်ထိ နံနက် ၆ နာရီ မှ ည ၈နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။



**ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိမှုကို တွေ့ရစဉ်။**











**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအားအဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် လိုအပ်သည်များကူညီဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။**

# တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)ကျင်းပ

**မန္တလေး ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအဖွဲ့ဝင်များ၊တက္ကသိုလ်များမှပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်သော တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်စိန်လွင်တို့က Myanmar National Road Safety Action Plan (2021-2030) နှင့် Quick Win အစီအမံ ငါးရပ်အပေါ် ကဏ္ဍများအလိုက်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ကြုံတွေ့နေရသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ မော်တော်ယာဉ်မောင်းနှင်ရာတွင် အသက်ကယ်ထိုင်ခုံခါးပတ်ကို ယာဉ်မောင်းများစနစ်တကျတပ်ဆင်အသုံးပြုရေးနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် အရည်အသွေးမီဆိုင်ကယ်စီးဦးထုပ်များကို မေးသိုင်းကြိုးများ တပ်ဆင်စီးနင်းရေးတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်သွားရေးတို့ကိုလည်းကောင်း၊တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတို့မှတာဝန်ရှိသူများ၊တက္ကသိုလ်များမှ ပါမောက္ခချုပ်များက အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူလူထုအတွင်း အသိပညာပေးမည့်နည်းလမ်းများ၊မော်တော်ယာဉ်ကြောင့်ဖြစ်သော ပတ်ဝန်းကျင်ထိခိုက်မှုအား လျှော့နည်းကျဆင်းစေရေးနှင့်ယာဉ်ကြောပိတ်ဆို့မှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးအကြံပြုတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များနှင့် တက်ရောက်လာသူများ၏ ဆွေးနွေးအကြံပြုတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ထိုင်းနိုင်ငံတွင် ဆေးဝါးကုသမှုခံယူမည့် မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏မဟာနာယကချုပ် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်





**မန္တလေး ဩဂုတ် ၂၄**

အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသသည် ကျန်းမာရေးအရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဆေးကုသမှုခံယူရန် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(MAI)ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လိုက်ပါပို့ဆောင်ခဲ့သည်။

မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုမာရာဘိဝံသသည် ထိုင်းနိုင်ငံသို့ မထွက်ခွာမီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် နားနေဆောင်၌ ခေတ္တသီတင်းသုံးနားနေစဉ် ဆရာတော်ကြီးနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသအတွင်းရေးမှူးနှင့်တာဝန်ရှိသူများက ဖူးမြော်ကာ ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လျှောက်ထားတင်ပြပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နားနေဆောင်၌ ဆရာတော်ကြီးအား ကျန်းမာရေးဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ကြည့်ရှုကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် MAI လေကြောင်းလိုင်း(8M 337) လေယာဉ်ပေါ်ထိ လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဆရာတော်ကြီးနှင့်အတူ သီတဂူဆရာတော်ကြီးနှင့် မန္တလေးသီတဂူတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝေပုလ္လရိယာလင်္ကာရနှင့် ကပ္ပိယ တစ်ဦးတို့ လိုက်ပါသွားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၃ တွင် ချမှတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

အခြေခံပညာကဏ္ဍအတွက် ဆရာ၊ ဆရာမ အင်အားပြည့်မီရေး Human Resource Plan ရေးဆွဲဆောင်ရွက်ရန်၊ တစ်ကျောင်းချင်း၊ တစ်တန်းချင်း၏ တန်းခွဲအရေအတွက်၊ ကျောင်းသားဦးရေနှင့် ဆရာအချိုး၊ Module အရေအတွက်နှင့် ဆရာအချိုးကြည့်၍ ကျောင်းများတွင် ပိုနေသော ဆရာများကို လိုနေသောနေရာသို့ Transfer ရွှေ့ပြောင်းနိုင်ရေးအတွက် စိစစ်တင်ပြကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၃ တွင် ချမှတ်ခဲ့သည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ ၂၀၂၃ တွင် ချမှတ်ခဲ့သော အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက အခြေခံပညာကျောင်းများအတွက် Master Plan ရေးဆွဲရေး၊ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သေချာကြပ်မတ်စိစစ်ပြီး တင်ပြကြရန်တို့ကို ရှင်းလင်းပြောကြားသည်။



အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများကို ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဦးဖြိုးဇော်စိုး၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ပြီး လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အရာထမ်း၊အမှုထမ်း ၁၅၈ ဦး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၅၄ ဦးတက်ရောက်ခဲ့ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြသည်။

Myanmar Electronic Voting Machine (MEVM) စက်ကို အသုံးပြုမဲပေးခြင်းဖြင့် မိမိတို့ဆန္ဒပြုလိုက်သည့် ဆန္ဒမဲများသည် တိတိကျကျဖြင့် ပယ်မဲမရှိဘဲ အကျိုးရှိရှိ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်စိတ်ချမှု ရရှိမည်ဖြစ်ကာ ပွင့်လင်းမြင်သာ၍ အများယုံကြည်လက်ခံသည့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ ဆောင်ရွက်နိုင်မည်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နှင့် လားရှိုးမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင် ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံနယ်လှည့်ဆေးကုသရေး အဖွဲ့က ယနေ့ နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ သာသနာ့ဝန်ဆောင် မြို့ဦးကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သံဃာတော် ၁၀၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သာသနာဟိတကာရီ သီလရှင်စာသင်တိုက်မှ သာသနာ့နွယ်ဝင် သီလရှင် ၉၁ ပါးနှင့် အနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူ ၂၁ ဦးတို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၄**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက်နှင့် ယနေ့တို့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ် မြောက်ဦးမြို့နှင့် ကျောက်တော်မြို့တို့ရှိ နယ်မြေခံတပ်ရင်းများမှ စိုက်ပျိုးမွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တပ်ရင်း၊ တပ်ဖွဲ့များ၌ ဥအကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် ဩဂုတ် ၂၄**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Nang Aye Aye Mya” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နေ နန်းအေးအေးမြကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန် အပ်ပါသည်။

# ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၁၀၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း



**အစ္စလာမ်မာဘတ် ဩဂုတ် ၂၄**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၁၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အရေးပေါ်ဝန်ဆောင်မှုဌာန၏ ဩဂုတ် ၂၃ ရက် သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ Frence 24 သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ဩဂုတ် ၂၀ ရက်မှစ၍ စုလက်မြစ်ကမ်းပါးတစ်လျှောက်ရှိ ရာနှင့်ချီသောကျေးရွာများမှပြည်သူ ၁၀၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း အာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ပြည်နယ်အတွင်းရှိ ရေလှောင်ကန်များမှ ရေပိုများကို စုလက်မြစ်အတွင်းထုတ်လွှတ်ခဲ့ရာမှ မြစ်အောက်ပိုင်းဒေသရှိ ကျေးရွာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ်အစိုးရအဖွဲ့၏ အကြီးအကဲတစ်ဦးဖြစ်သူ Mohsin Naqvi က ပြောကြားခဲ့သည်။

မိုးဆက်လက်ရွာသွန်းနေသည့် အခြေအနေများကြောင့် လာမည့်ရက်များအတွင်း ရေကြီးရေလျှံမှုအခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း ပန်ဂျပ်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနက ဩဂုတ် ၂၃ ရက်တွင် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

AZH

# ဒိုမီနီကန်သမ္မတနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဖရန်ကလင် ဝင်ရောက်တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေ

**ဆန်တိုဒိုမင်ဂို ဩဂုတ် ၂၄**

ဒိုမီနီကန်သမ္မတနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဖရန်ကလင် ဝင်ရောက် တိုက်ခတ်မှုကြောင့် ဩဂုတ် ၂၃ ရက်က ရေကြီးမြေပြိုမှုများဖြစ်ပွားသဖြင့် လူတစ်ဦး သေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း အာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ AP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မုန်တိုင်း၏ သက်ရောက်မှုကြောင့် နိုင်ငံအနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးရေချိန်အမြင့်ဆုံး ၁၆ လက်မထိရွာသွန်းနိုင်သဖြင့် ပြည်သူများ မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုရန် အရေးပေါ်တုံ့ပြန်ရေးဌာန၏ အကြီးအကဲဖြစ်သူ Juan Manuel က တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် San Cristobal မြို့၌ အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး ကနဦးတွင် အရေးပေါ်တုံ့ပြန်ရေးဌာနက ၎င်းတို့၏ ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း ထုတ်ပြန်ခဲ့သော်လည်း နောက်ပိုင်းတွင် သာမန်ပြည်သူတစ်ဦးဖြစ်ကြောင်း ပြန်လည်ထုတ်ပြန်ခဲ့သည်။

အဆိုပါမြို့တွင်ပင် ဩဂုတ် ၂၂ ရက်က စိတ်ကျန်းမာရေးချို့တဲ့နေသူ အမျိုးသားတစ်ဦး ရေထဲသို့ ခုန်ချ ပျောက်ဆုံးလျက်ရှိကြောင်း၊ ဩဂုတ် ၂၃ ရက်တွင်လည်း ဆယ်ကျော်သက်လူငယ်တစ်ဦး ရေစီးနှင့် မျောပါပျောက်ဆုံးခဲ့ပြီး မြေပြိုမှုများကြောင့် အမျိုးသမီးနှစ်ဦးလည်း ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အစိုးရတာဝန်ရှိသူများအနေဖြင့် လူဦးရေ ၃၅၀ ကျော်ကို အရေးပေါ် ကယ်ဆယ်ရေးနေရာများသို့ရွှေ့ပြောင်းပေးခဲ့ရပြီး အခြားလူဦးရေ ၂၈၀ ထက်မနည်းသည်လည်း နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် သစ်ပင်အများအပြားနှင့် နေအိမ်အမြောက်အမြား ထိခိုက်ပျက်စီးခဲ့ပြီး အဆောက်အအုံအများအပြား ပြိုကျပျက်စီးခဲ့ကြောင်း၊ နိုင်ငံအတွင်း အနီရောင်အဆင့် သတိပေးချက် ထုတ်ပြန်ထားပြီး ပြည်နယ် ၃၁ ခု အနက် ပြည်နယ် ၂၅ ခုထက်မနည်း ကျောင်းများကိုပိတ်ထားရပြီး လေဆိပ်အများအပြားကိုလည်း ပိတ်ထားရကြောင်း သိရသည်။

AZH

# ပြင်သစ်နိုင်ငံရှိ မောင့်ဘလန့်တောင်တွင် အပူချိန်မြင့်တက်မှုကြောင့် ရေခဲပြင်အရည်ပျော်ကျနေသဖြင့် တောင်တက်ခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်

**ပဲရစ် ဩဂုတ် ၂၄**

ပြင်သစ်နိုင်ငံရှိ မောင့်ဘလန့်တောင်တွင် အပူချိန်မြင့်တက်မှုကြောင့် ရေခဲပြင်အရည်ပျော်ကျမှု ဖြစ်ပေါ်နေသဖြင့် တောင်တက်ခြင်း မပြုလုပ်ကြရန် ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း XM သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မောင့်ဘလန့်တောင်သည် ပြင်သစ်တောင်တက်သမားများ အပြင် ပြည်ပမှတောင်တက်သမားများကလည်း နှစ်စဉ် တောင်တက်ခြင်းလုပ်ဆောင်နေကြပြီး နိုင်ငံတကာမှ တောင်တက်သမားများ နှစ်သက်သဘောကျသည့် တောင်လည်းဖြစ်ကြောင်း၊ အပူချိန်မြင့်တက်နေမှုကြောင့် ရေခဲတောင်ပြိုကျမှုများလည်း ဖြစ်ပေါ်နိုင်သည့်အတွက် အသက်အန္တရာယ်စိုးရိမ်ရ၍ လုံခြုံမှုရှိသည့်အခြေအနေမျိုးမဟုတ်ကြောင်းလည်း ပြင်သစ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"မောင့်ဘလန့်တောင်မှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် ရေခဲတောင်ပြိုကျမှုတွေ၊ အရည်ပျော်ကျမှုတွေ ဖြစ်ပေါ်နေတဲ့အတွက် အန္တရာယ်ရှိတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဒီကာလအတွင်း မောင့်ဘလန့်တောင်မှာ တောင်တက်တာတွေမလုပ်ကြဖို့ အထူးသတိပေးအပ်ပါတယ်။ ကျွန်တော်တို့ ကယ်ဆယ်ရေးအဖွဲ့အစည်းအနေနဲ့ကတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အမြဲတမ်းအဆင်သင့် ပြင်ဆင်ထားပါတယ်။ အခြေအနေ တည်ငြိမ်သွားမှပဲ ပုံမှန်အတိုင်း တောင်တက်တာတွေ လုပ်ဆောင်သင့်ပါတယ်"ဟု မောင့်ဘလန့်တောင်အတွက် ဖွဲ့စည်းပေးထားသော ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် နီကိုလက်စ်က ပြောကြားခဲ့သည်။

**ရိုင်းဆက်**



# JBS SA ကုမ္ပဏီမှ အသားများတင်သွင်းမှုရပ်ဆိုင်းရန် အမေရိကန်အစိုးရကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်

**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ဘရာဇီးနိုင်ငံ ဆာပေါ်လိုမြို့ရှိ JBS SA ကုမ္ပဏီမှ အသားထုပ်ပိုးမှုပြုလုပ်ခြင်းသည် သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့်အတွက် JBS SA ကုမ္ပဏီမှ အမေရိကန်နိုင်ငံအတွင်း အသားတင်သွင်းမှုကို ရပ်ဆိုင်းသွားရန် အမေရိကန်အစိုးရကို ဆန္ဒထုတ်ဖော်မှုများပြုလုပ်နေကြောင်း Mighty Earth အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု MSN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများ အဖွဲ့အစည်းဖြစ်သည့် Rainforest Action Network၊ Mighty Earth နှင့် World Animal Protection အဖွဲ့အစည်းတို့ပူးပေါင်း၍ JBS SA ကုမ္ပဏီမှ အသားထုပ်ပိုးတင်သွင်းမှုကို ရပ်ဆိုင်းပစ်ရန်အတွက် အမေရိကန်လုံခြုံရေးနှင့်အိတ်ချိန်းကော်မရှင်ထံ အစီရင်ခံစာရေးသားပေးပို့ထားကြောင်း သိရသည်။

JBS SA ကုမ္ပဏီ၏ လုပ်ငန်းများသည် မိုးသစ်တောနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့်အတွက် လိုအပ်သောစုံစမ်းစစ်ဆေးမှုပြုလုပ်ကာ အရေးယူမှုများ ပြုလုပ်သွားသင့်ကြောင်းလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက အမေရိကန်အာဏာပိုင်အဖွဲ့အစည်းကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ၂၀၁၅ ခုနှစ်ကလည်း ဂျာမနီအခြေစိုက် မော်တော်ကား ကုမ္ပဏီတချို့ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူဆောင်ရွက်မှုများရှိခဲ့၍ JBS SA ကုမ္ပဏီကိုလည်း အလားတူ အရေးယူမှုများ ထပ်မံပြုလုပ်သွားရန် တိုက်တွန်းလာခြင်းဖြစ်ကြောင်း သိရသည်။

**ရိုင်းဆက်**

# ဆာလမ်မြို့အနီးတွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းရန်ထုတ်ပြန်

**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံ အိုရီဂွန်ပြည်နယ် ဆာလမ်မြို့အနီးတွင် ဩဂုတ် ၂၃ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုသည် နေအိမ်များသို့ ကူးစက်လောင်ကျွမ်းနိုင်သဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် အိုရီဂွန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ဆာလမ်မြို့စွန်ရှိ နေအိမ်တချို့ကို စတင်ကူးစက်နေပြီဖြစ်သည့်အတွက်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် အိုရီဂွန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက လေကြောင်းအကူအညီ စေလွှတ်ပေးထားကြောင်း ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေတဲ့ဧရိယာနဲ့နီးကပ်စွာတည်ရှိနေတဲ့ နေအိမ်တွေမှာ နေထိုင်တဲ့ ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ ညွှန်ကြားချက် လက်ခံရရှိထားတဲ့ ဒေသခံတွေအနေနဲ့ အမြန်ဆုံး ဘေးလွတ်ရာရွှေ့ပြောင်းကြပါ။ ဘာအကြောင်းနဲ့မှ တုံ့ဆိုင်းမနေဘဲ ချက်ချင်း ဘေးလွတ်ရာရွှေ့ပြောင်းကြပါ"ဟု အိုရီဂွန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသော်လည်း ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက် လက်ခံရရှိထားသော ဒေသခံများအနေဖြင့် အမြန်ဆုံးရွှေ့ပြောင်းရန် ယနေ့တွင် သတိပေးချက် ထပ်မံထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဆာလမ်မြို့အနီးရှိ သစ်တောမြေ ၁၀ ဧကထိပျက်စီးသွားပြီး နေအိမ်တချို့ကိုလည်း စတင်ကူးစက်နေပြီဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ဆာလမ်မြို့ တောင်ဘက်ပိုင်းတွင် ဖြစ်ပွားနေခြင်းဖြစ်ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးစားနေဆဲဖြစ်ကြောင်း သိရသည်။

**ရိုင်းဆက်**

# အကြင်နာသွေး နွေးထွေးလှသည်

ကျွန်းစဉ်မြေစောခက်



(၁)

တောတောင်တို့၏ သစ်ပင်ကြီးငယ်တို့မှာ ရာသီသဘာဝ၏ ဖန်တီးမှုကြောင့်လည်းကောင်း၊ ဇီဝကမ္မတို့၏ ပြုပြင်ပြောင်းလဲမှုကြောင့်လည်းကောင်း ရွက်ရင့်ဝါရွှေတို့ မြေသို့သက်ပြီး လေနှင်ရာလွင့်သည့်အခါ လွင့်၊ ဖူးပုရစ်တို့ မြရည်စိုကာ ရွက်သစ်နုတို့ဝေသည့်အခါ ဝေ၊ ဖူးပွင့်ဖြာလန်း ပန်းများပွင့်သည့်အခါ ပွင့်၊ ဟောတစ်လုံး ဟောတစ်တွဲ ကိုင်းခက်မှာဆွဲလျက် တွဲလီတွဲလောင်း သီးသည့်အခါသီးပြီး တောအလှ တောင်အလှကို ရသပြည့်ဖော်ကျူးနေကြလေ၏။

ဒီရေရောက် မြစ်ချောင်းတို့သည်လည်း လဆန်း၊ လဆုတ်၊ လပြည့်တည်းဟူသော ကာလသတ်မှတ်ချက် အလှည့်အပြောင်းများကြောင့် ရေထသည့်အခါ ထ၊ ရေကျသည့်အခါကျ သဘာဝအလုပ်ကို အဟုတ်အမှန်လုပ်ဆောင်ရင်း ဟိုမှသည်မှ သွားလာနေကြသည့် လှေသမ္ဗန်များကို ကျောမှာပိုးလျက်ပဲ ခရီးဆက်ကာ အရောက်သွားစေခဲ့သည်လေ။ ပိုက်ကွန်ကြီးများဖြင့် ရှာမှီးလုပ်စားကြသည့် ရေတံငါတို့ ဆန္ဒပြည့်စေခြင်းအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်းတို့ ကူးခပ်သွားလာကျက်စားရာရေအောက်ကမ္ဘာကိုလည်း ဖန်တီးတတ်၏။

ဒီရေရောက် မြစ်ချောင်းများ၏ ကမ်းဘေးနှင့် တောအလှတို့၏ ခြေရင်းတွင် ဝပ်စင်းနေရှာသည့် သရက်တောင်ရွာက သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ လှပသာယာနေသလို ရွာတောင်တန်းတစ်လျှောက် ရှေးဘိုးဘွားတို့ တည်ထားခဲ့ကြသော ဘုရား၊ ပုထိုး၊ ကျောင်းကန်၊ ဇရပ်များကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ဘူမိနက်သန်ဆိုကလည်း မမှားနိုင်ပေ။

(၂)

မနှင်းမွေးဖို့အားယူနေခဲ့သည်မှာ နှစ်ရက်ရှိပြီ။ ယခုထိ မမွေးသေး။ အရပ်လက်သည် နှစ်ဦးသည်လည်း ဟိုလိုလုပ်ကြည့်လိုက်၊ သည်လိုလုပ်ကြည့်လိုက်နှင့် သူတို့ တတ်သလောက်မှတ်သလောက် ကြိုးစားကြသည်။ သို့သော် မနှင်းမီးဖွားရေးကိစ္စကို သူတို့မည်သို့မျှ စွမ်းနိုင်ပုံမရပေ။ သူတို့ခမျာလည်း ချွေးဖြိုင်ဖြိုင်ကျ၍ မှိုင်နေကြပေပြီ။ မနှင်း ညည်းသံများ အိမ်ထဲမှ အိမ်ပြင်သို့တိုင် ဖောက်ထွက်အသံမြည်လာခဲ့ပေပြီ။ ထို့နောက် မနှင်းဆီက ညည်းသံသည် သဲ့သဲ့သာထွက်တော့သည်။ မနှင်းကား အလွန်အမင်း ပင်ပန်းနွမ်းရိနေပေပြီ။

မနှင်း မီးမဖွားနိုင်သည့်သတင်းစကား ကျွန်တော့်ဇနီးမှတစ်ဆင့် ကျောင်းဆရာ ကျွန်တော့်နားစည်ထဲသို့ ရောက်လာခဲ့သည်။ မနှင်းသည် စတုတ္ထတန်းတက်စဉ်က ကျွန်တော်စာသင်ပေးခဲ့သော တပည့်ဖြစ်သည်။ မနှင်း၏ ပစ္စက္ခအဖြစ်သည် ကျွန်တော့်ရင်ကို ကောင်းကောင်းထိမှန်ခဲ့လေပြီ။ ကျွန်တော်ဖတ်ဖူး၊ မှတ်ဖူးသော ဆေးပညာပေးဆောင်းပါးများတွင် မွေးဖွားလောက်သည့် အချိန်တွင် မမွေးဖွားနိုင်ပါက မိခင်ရော ကလေးပါ အသက်ဆုံးရှုံးနိုင်သည်ဟု နားလည်ထားပေသည်။ တပည့်ချစ်စိတ်မြင့်မားပြီး ကျွန်တော် အိမ်ပေါ်က ခပ်သွက်သွက်ဆင်းပြီး သုတ်ခြေတင်ခဲ့လေပြီ။ ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ကိုတောင် ဘယ်လိုထားခဲ့မှန်းပင် ကျွန်တော်မသိခဲ့။ အမြဲလိုလို အတည်မျက်နှာမျိုးနှင့် နေလေ့ရှိသော ကျွန်တော့်မျက်နှာမှာ ထူးခြားမှုအရိပ်အရောင်များ ထင်ဟပ်နေခြင်း၊ သာမန်ထက်သွက်လက်သော ခြေလှမ်းများဖြင့် လျှောက်လှမ်းပြီး သွားနေခြင်းကြောင့် အချို့လူများ ကျွန်တော့်ကို ထိတ်ထိတ်ပျာပျာ လှမ်းကြည့်နေကြသည်ကို ကျွန်တော် သတိထားမိသည်။ သို့သော် ကျွန်တော်သည်မည်သည့်အရာကိုမျှ စဉ်းစားမနေ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းမြဲလှမ်းသည်။ ချစ်တပည့်အတွက် ဝေဒနာသည် ကျွန်တော့်ရင်ဘတ်ထဲ ထုထည်ကြီးမားနေပေပြီ။ မွေးချိန်တန်၍ မမွေးနိုင်လျှင် မိခင်ရောကလေးပါ အသက်အန္တရာယ်စိုးရိမ်ရသည်ဆိုသောအသိက ကျွန်တော့်ခံစားချက်ကို တော်တော်မြင့်မားစေခဲ့လေပြီ။

(၃)

ကျွန်တော် မနှင်းတို့အိမ်ရှေ့သို့ရောက်ပြီး ခြံဝင်းထဲ လှမ်းဝင်လိုက်သည်။ အိမ်ပေါ်က သီချင်းသံလိုလို ညည်းသံလိုလိုကြားလိုက်ရ၍ မတ်တတ်ရပ်ပြီး နားထောင်လိုက်သည်။

"ဒီသူငယ်မ ခန္ဓာကိုယ်မှာ ဘယ်နတ် ဘယ်မိစ္ဆာတွေ နှောင့်ယှက်ထားလို့ ကလေးမမွေးနိုင်ဖြစ်နေရတာလဲ။ ငါ့ရှင်တို့ နှောင့်ယှက်ထားတယ်ဆိုရင်လဲ ဒီသူငယ်မကို သနားတော်မူပြီး လက်ကိုလွှပ်ခါပြပါ။ ငါ့ရှင်တို့ စားလိုသောက်လိုတဲ့ အစားအစာကိုပေးဖို့၊ ကျွေးဖို့အသင့်ပါ ငါ့ရှင်တို့"

နတ်ကောင်းမ၏ ပြောသံဆိုသံက ကျွန်တော့်နားထဲသို့ ဝင်လာသည်။ ကျွန်တော် စိတ်မရှည်တော့သဖြင့် အိမ်ပေါ်သို့ ခပ်သွက်သွက်တက်လိုက်ပြီး မနှင်းရှိရာ အခန်းသို့ဝင်ရန်ကြိုးစားလိုက်သည်။ ထိုစဉ် မနှင်းဆွေမျိုး အမျိုးသမီးတစ်ဦးက ဖြန်းခနဲ မတ်တတ်ရပ်လိုက်ပြီး ကျွန်တော့်ရှေ့က ဆီးကာ၍တားသည်။

"ဆရာရေ အမျိုးသားဝင်လို့ မသင့်တော်ပါ မီးနေခန်းပါ"

"ဟာ ကြာတယ်ကွာ"

ကျွန်တော် ချက်ချင်း မီးနေခန်းထဲ တိုးဝင်လိုက်သည်။ မနှင်းမှာ အလွန်အမင်း နွမ်းရိနေပြီး လှုပ်ပင်မလှုပ်နိုင်တော့ပေ။ တပည့်မကလေးအတွက် ကျွန်တော်ရင်ထဲ လွန်စွာမကောင်းဖြစ်သွားသည်။

"ကဲ ငါ့ရှင်တို့ တကယ်လို့ ဒီသူငယ်မကို ဖမ်းစားထားတယ်ဆိုရင် လက်ကလေးကို လှုပ်ခါပြပါ"

နတ်ကောင်းမသည် နတ်သံနှောရင်း မနှင်း၏ ကိုယ်ဝန်ဆောင်ဗိုက်ကို ထိလုနီးပါး သူ့လက်ကိုဝှေ့ယမ်းရင်း ချွဲနေလေသည်။ တစ်ချီ တစ်ချီ မနှင်းလက်ကို ကောက်ကိုင်ပြီး လှုပ်ခါသလိုမျိုးလုပ်ပေးသည်။ မနှင်းမှာကား သတိမေ့မြောတော့မလို တုတ်တုတ်မျှမလှုပ်။ နတ်ကောင်းမတစ်ဦးက နတ်သံနှောပြီး တိုင်ပေးနေချိန်တွင် နောက်နတ်ကောင်းမတစ်ဦးက သူ့လက်နှစ်ချောင်းကို ပူးလျက် အလိုလိုလှုပ်ခါနေပေသည်။

"ဒီသူငယ်မ ခန္ဓာကိုယ်မှာ ဘယ်က နတ်မိစ္ဆာတွေ နှောင့်ယှက်ထားလို့ ကလေးမမွေးနိုင်ဖြစ်နေရတာလဲ ပြောပါ ငါ့ရှင်တို့"

နတ်ကောင်းမ နတ်သံနှော၍အဆုံးမှာပဲ ကျွန်တော် ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"ဒီလိုလုပ်နေလို့ မရဘူးဗျ။ တိုက်နယ်ဆေးရုံအမြန်ပို့မှဖြစ်မှာ"

မနှင်း၏မိခင် ဒေါ်ခင်နှင်း ကျွန်တော့်ကို မော့ကြည့်ရင်း မျက်ရည်စမ်းစမ်းနှင့် ကြည့်နေရှာသည်။ ကျွန်တော်အိမ်ရှေ့သို့ ပြေးထွက်လိုက်ပြီး ဝရန်တာခန်းမှ လှမ်းအော်ပြောလိုက်သည်။

"ဟဲ့ ဟိုဘက်အိမ်တွေက ကိုဘအောင်၊ မောင်မောင်ထွန်း၊ စံကျော်တို့ရှိကြလားဟေ့"

"ဒီမှာ မနှင်းကို တိုက်နယ်ဆေးရုံအမြန်ပို့မှ ဖြစ်မှာဟေ့၊ လာကြ လာကြ လာကြဟေ့ လှေဆိပ်ချရမယ်"

ကျွန်တော် အော်ပြောသံကြောင့် အိမ်နားက အမျိုးသားများ ရောက်လာကြသည်။ သူတို့လည်း အိမ်နီးချင်းမို့ မနှင်းအဖြစ်ကိုသိပြီးနေကြလေပြီ။ မည်သို့ ကူညီရမှန်းမသိ၍ မကြံတတ်၊ မဝေဖန်တတ်ဖြစ်နေကြသည်။ ကျွန်တော် လှမ်းခေါ်လိုက်ရာ အိမ်နီးချင်းများ ရောက်လာကြသည်။

"ကဲ နတ်ကောင်းမတို့ နတ်ကောင်းမတို့ကို အားနာပါတယ်။ အခု ဒီလိုလုပ်နေလို့ မရတော့ဘူး။ ဆေးရုံအမြန်ပို့မှရမယ်။ နတ်ကောင်းမတွေ ခဏဖယ်ပေးကြနော်"

ကျွန်တော်ပြောအပြီးမှာ နတ်ကောင်းမများ ယိုယိုကလေးထပြီး အိမ်ပေါ်က ဆင်းသွားကြလေတော့သည်။ ကျွန်တော်တို့ မနှင်းကို ပက်လက်ကုလားထိုင်ပေါ် မတင်ပြီး လှေဆိပ်သို့ ဒရောသောပါးဆင်းလာခဲ့ကြသည်။ လှေဆိပ်သို့အရောက်မှာ လှေပေါ်သို့ချနိုင်ရန် ချောင်းထဲသို့ လှမ်းကြည့်လိုက်ကြသည်။

"ဟိုက်"

ဒုက္ခပါပဲလား။ ချောင်းရေကျချိန်ဖြစ်၍ လှေမှာ သောင်ပြင်တွင် တင်ကျန်ရစ်ခဲ့လေပြီ။ ရေနေချောင်းကြီးနှင့်တစ်ခေါ်လောက်ပင် ဝေးလိမ့်မည်ထင်သည်။

"ဒီလိုကြည့်နေလို့မရဘူးဟေ့ လှေပေါ်တင်ပြီး လှေကို တွန်းချမှရမယ်"

အမျိုးသား ငါးဦးစလုံး မနှင်းကို လှေပေါ်တင်ပြီး လှေကို တွန်းချလိုက်ကြသည်။ လှေဆိပ်မှာရွှံ့ပျော့မြေဖြစ်၍ ဒူးခေါင်းလောက်ထိ ကျွံဝင်သွားသည်။ သို့သော် အသက်ရေးဖြစ်၍ နှေးမနေကြ။ မနားတမ်းတွန်းချလိုက်ကြရာ ရေနေချောင်းကြီးသို့ ချက်ချင်းရောက်သွားသည်။ ရွှံ့ပေနေသောခြေထောက်များကို ချောင်းရေနှင့်ပဲ ဖြစ်သလိုဆေးကြောပြီး လှော်ခတ်လာကြသည်။ ကျွန်တော်ကပဲ ပဲ့ကိုင်ပေးပြီး အိမ်နီးချင်း ယောကျ်ားများက လှော်ခတ်ပေးကြသည်။ မနှင်း၏ အမေနှင့် သူ့အစ်မ မြနှင်းတို့က လူနာရှင်အဖြစ် လိုက်ပါလာကြသည်။ ကာလကလည်း စက်လှေစက်ဘုတ် မရှိကြသေးသော ကာလဖြစ်၍ ကျွန်းစဉ်ဒေသမှာ တစ်နေရာမှ တစ်နေရာသို့ သွားလိုလာလိုလျှင် လှေဖြင့်သာ လှော်ခတ်သွားလာကြရသည်။ သရက်တောင်ရွာမှ ကမ်းထောင်းကြီးရွာ တိုက်နယ်ဆေးရုံသို့လှေဖြင့် တက်များများနှင့်လှော်လျှင် တစ်နာရီ မိနစ် ၃၀ ခန့် လှော်ခတ်ရသည်။ ရေ တက်ချိန်ဖြစ်၍ တော်သေးသည်။ ချောင်းကမ်းဘေး ဝဲယာတစ်လျှောက် ဓနိတန်းကြီးမှာ အားကောင်းမောင်းသန် လယ်ထွန်ယောကျ်ားတို့၏ အားစိုက်လှော်ခတ်မှုကြောင့် ချာလပတ်လည်ကာ ကျန်ခဲ့ကြသည်။ ကမ်းထောင်းကြီးရွာဆိပ်ကမ်းသို့အရောက်တွင် မွေးလူနာမနှင်းကို တိုက်နယ်ဆေးရုံသို့ သယ်မပြီး တင်လိုက်ကြသည်။ ထိုအချိန်က ကမ်းထောင်းကြီးကျေးရွာမှာ ဆိုက်ကား၊ မော်တော်ကားဟူသည်လည်း မရှိသေးသဖြင့် လက်ဖြင့်ပင်သယ်မပြီး မတင်ကြရသည်။

(၄)

ဆေးရုံသို့ရောက်ခါမှ ပြဿနာတစ်ခုက ထပ်ပေါ်လာပြန်ပြီ။ တိုက်နယ်ဆရာဝန် ဒေါက်တာစိုးမြတ်ဆွေသည် ဒါးလက်ချောင်းရှိ ဂြစ်ချောင်းရွာသို့ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရာ ကျောင်းတိုင်ထူပွဲသို့ ရွာလူကြီးများနှင့်အတူ သွားကြသည်ဟု ပြောသည်။ ကျွန်တော်က တာဝန်ခံ ကျန်းမာရေးဝန်ထမ်းကို လူနာအခြေအနေကိုပြောပြပြီး ဆရာဝန်ကို သွားပင့်လိုကြောင်းပြောသဖြင့် သူနာပြုဆရာမတစ်ဦးလိုက်ပါပြီး ကူညီသည်။ ကျွန်တော်တို့လှေဖြင့်ပင် ဂြစ်ချောင်းရွာသို့ လှော်ခတ်သွားကြသည်။ သည်တစ်ခါလည်း ကျွန်တော်တို့အဖွဲ့ကို ပြဿနာတစ်ခုက ဆီးကြိုနေပြန်သည်။ ဒီရေကျနေပြီဖြစ်၍ ရေဆန်တိုးရခြင်းပင်ဖြစ်ပေသည်။ ရခိုင်ရိုးမမှ စီးဆင်းလာသော တောင်ကျရေနှင့် ဒီရေတို့ပေါင်းစည်းလိုက်ချိန်တွင် ရေစီးအားပို၍ပြင်းနေပေသည်။

ရခိုင်ရိုးမမှစီးဆင်းနေသော ဒါးလက်ချောင်းရေမှာ ရေစီးသန်လှသည်။ ရိုးမတောင်ခြေရင်းနေ ချင်းတိုင်းရင်းသားများ တောင်ခြေချောင်းဖျားဘက်မှ ကျွန်းစဉ်ဘက်သို့ ဆင်းပြီးအပြန်ဆိုလျှင် ရေဆန်ဖြစ်သောကြောင့် တစ်ချီလှော်၍ တစ်တောင်မရွေ့၊ နှစ်ချီလှော်၍ တစ်တောင်မရွေ့သဖြင့် ကမ်းစပ်ကို ထိုးဝါးဖြင့် ထိုးကန်၍သာ ဆန်တက်ကြရသည်။ ကျွန်တော်တို့အဖွဲ့သားများမှာ ကျွန်းစဉ်သားများပီပီ ထိုးဝါးထောက်လည်း မကျွမ်းကျင်သဖြင့် လှော်တက်ခတ်တက်များဖြင့်သာ အားစိုက်ပြီး လှော်ခတ်လိုက်ကြသည်။ ကမ်းထောင်းကြီးရွာမှာ ဒါးလက်ချောင်းဝတွင်တည်ရှိပြီး ကျွန်းစဉ်နယ်၏ရွာကြီးတစ်ရွာပင်ဖြစ်သည်။ တိုက်နယ်ဆရာဝန်ဒေါက်တာစိုးမြတ်ဆွေ ရောက်နေသော အမ်းမြို့နယ် ဂြစ်ချောင်းရွာမှာ ကမ်းထောင်းကြီးရွာမှဆိုလျှင် သရက်တောင်ရွာထက် တစ်ဆပိုဝေးပေသည်။

စာမျက်နှာ ၂၅သို့ ➤

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၃၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၅၁၂ ဧကစိုက်ပျိုးရန် လျာထားပြီး မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၅၃၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၁၁၅၁၂ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၁၁၅၃၂ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ဒီနှစ်မှာ ပဲစင်းငုံကို လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၁၅၁၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းကာ အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၂၄မှအဆက်

သို့သော် ကျွန်တော်တို့အဖွဲ့ကား ငွဲမလျှော့ကြ။ ခွေးပေါက်ပေါက်ကျသည်ထိ လှော်ကြခတ်ကြသည်။

ကျွန်တော်တို့ ဂြစ်ချောင်းရွာသို့ရောက်လျှင် သူနာပြုဆရာမဦးဆောင်ပြီး ဒေါက်တာ စိုးမြတ်ဆွေကို အကျိုးအကြောင်းပြောပြီး အကူအညီတောင်းလိုက်ကြသည်။ ဆရာဝန်သည် မွေးလူနာဟုဆိုသဖြင့် အသက်လုပွဲဟု သဘောထားလိုက်ပုံရသည်။ မွေးလူနာဟူသည် အသက် နှစ်ချောင်းပါဝင်နေပေသည်။ အရေးကြီးပြီဆိုသောခံစားချက်အသိသည် ဆရာဝန်ရင်ထဲ ချက်ချင်းရောက်သွားပုံရသည်။ သူ့အောက် ကျန်းမာရေးဝန်ထမ်းတစ်ယောက်ကို ဂြစ်ချောင်းရွာတွင်ထားခဲ့ပြီး ဆေးအိတ်ကို ကိုင်လျက်လှေဆိပ်သို့ အလျင်စလိုဆင်းလာခဲ့သည်။ ကျွန်တော်တို့သည် မောင်းရင်းအားဖြင့် လှေကိုဖိလှော်လိုက်ကြရာ လှေမှာ စက်တပ်ယာဉ်အလား ပြေးအားမြင့်နေပေသည်။ တောင်ကျရေသင့်၍ လှေအသွားနှုန်း ပိုမြန်နေခြင်းဖြစ်ပေသည်။ ကမ်းထောင်းကြီးတိုက်နယ်ဆေးရုံသို့ အရောက်တွင် ဆရာဝန်က မွေးလူနာကို စစ်ဆေးကြည့်သည်။

"ဟာ ခုချက်ချင်းခွဲရမယ်"

ဒေါက်တာ စိုးမြတ်ဆွေမှာ ခွဲစိတ်ကုသမှုတွင် နာမည်ကြီးသောဆရာဝန်ပီပီ လိုအပ်သည်များကို ချက်ချင်းဆောင်ရွက်ပြီး ဗိုက်ခွဲမွေးပေးလိုက်သည်။ အပြင်သို့ရောက်သည်နှင့် တအဲအဲ အော်သည့် ကလေး၏ ငိုသံသည် မိခင်၏နှလုံးသားကို သွားထိလေသလားမသိ။ မွေးလူနာ မနှင်းမျက်လုံးအစုံကို ဖွင့်ကြည့်ပြီး ဘေးဘယ်ညာ ဝေ့ယမ်းပြီးကြည့်သည်။ သူနာပြုဆရာမသည် ကလေးကို ကောက်ချီပြီး မွေးလူနာ ရင်ဘတ်ပေါ်သို့ လက်ဝါးခံပြီး အသာကလေးတင်ပေးသလိုပြုသည်။ မွေးလူနာ မနှင်း အသာအယာလှမ်းဖက်ပြီး ပြုံးသယောင်ပြုသည်။ ပင်ပန်းလွန်းနေ၍ အနွမ်းမျက်နှာကလေးမှာ ယှဲ့ယှဲ့သာ ပြုံးဟန်ရှိသည်။

"ယောကျ်ားကလေးမွေးပါတယ်။ လူနာသိပ်ကံကောင်းပါတယ်။ အခုလူနာတအားအားနည်းနေတယ်။ သွေးလိုတယ်"

ဆရာဝန်သည် ကျွန်တော့်အဖွဲ့ထဲက သွေးလှူနိုင်သည့်လူများကို ရှာကြည့်ရာ အကုန်လုံးကျန်းမာရေးကောင်းကြပြီး လှူနိုင်သူများပင်ဖြစ်ကြသည်။ မွေးလူနာ မနှင်းအတွက် အကုန်လုံးပဲ လှူလိုသောစိတ်က ပြင်းပြနေကြသည်။ သို့သော် မွေးလူနာ မနှင်းခမျာ ကံမကောင်းရှာခဲ့။ အကုန်လုံး A သွေး၊ B သွေး၊ O သွေးများသာဖြစ်နေကြသည်။ မနှင်းသွေးနှင့်တူသော AB သွေးကိုကား မည်သူ့ထံကမှမရရှိခဲ့။ သည်အတိုင်းဆိုလျှင် ကမ်းထောင်းကြီးရွာထဲသို့ဆင်းပြီး AB သွေးရှာရပေတော့မည်။ သွေးလေးမျိုးအနက် AB သွေးမှာ အရှားပါးဆုံးသွေးပင်ဖြစ်သည်ဟု သိရသည်။

ကျွန်တော်တို့အဖွဲ့ တဒင်္ဂအခက်အခဲကြောင့် မှိုင်တွေသွားကြသည်။ မည်သို့ဆက်လုပ်ရမှန်းမသိဖြစ်နေကြသည်။ တိုက်နယ်ဆေးရုံပတ်ဝန်းကျင်ကြည့်နေရင်းပင် အသက်နှစ်ဆယ်ကျော်အရွယ်ခန့် လူရွယ်တစ်ယောက် အိတ်တစ်လုံးလွယ်လျက် ခပ်သွက်သွက်လျှောက်လာသည်။ ကြည့်နေရင်းပင် ဆေးရုံနှင့် ပိုနီးလာသည်။

"အဲဒါ မောင်အောင်လေ၊ ဟော့ မောင်အောင်ရေ ဒီမှာဟော့ ဒီမှာ"

မနှင်းအစ်မ မြနှင်းက ဝရန်တာသို့ထွက်ပြီး အော်ပြောလိုက်သည်။ လူရွယ်မှာ မရယ်မပြုံးဘဲ ဆေးရုံထဲသို့ ခပ်သွက်သွက်လှမ်းဝင်လာသည်။ သူက ကျွန်တော်တို့အဖွဲ့ကို အဓိပ္ပာယ်ရှာသော အကြည့်နဲ့ကြည့်သလို ကျွန်တော်တို့ကလည်း ပြုံးသလိုမျက်နှာများနှင့် သူ့ကိုကြည့်လိုက်ကြသည်။ သူ တစ်ခုခုအတွက် စိုးရိမ်စိတ်ဝင်နေကြောင်း သူ့မျက်နှာက ဖော်ပြနေသည်။

"ကျွန်တော်ရွာရောက်တော့ မနှင်းကို ဆေးရုံတင်သွားကြတယ်ဆိုတော့ စိုးရိမ်လိုက်တာဗျာ။ ချက်ချင်း ကူးတို့ငှားပြီး ပို့ခိုင်းတာပဲ။ အခု မနှင်း ဘယ်မှာလဲဗျာ မနှင်းဘယ်မှာလဲ"

"မွေးလူနာဆောင်မှာလေ"

မမြနှင်းစကားအဆုံးမှာ မောင်အောင် အိတ်ကိုလွယ်လျက်ပဲ ပြေးဝင်သွားလိုက်သည်။ အင်အားချည့်နဲ့နေသော မနှင်း အားယူပြီးပြုံးပြသည်။ သားလေးကတော့ အဖေကြီးကို ခြေလက်များလှုပ်ပြီး နှုတ်ဆက်နေလေသယောင်။ မောင်အောင် သားလေးကိုကောက်ချီဖို့ပြင်သည်။ သူနာပြုဆရာမက ပြုံးလျက်တားသည်။ မွေးခါစကလေးနုနုလေးဖြစ်၍ အပြင်ကရောက်လာသူကို လောလောဆယ်ပေးမကိုင်ခိုင်းခြင်းဖြစ်နိုင်ပေသည်။

"သွေးသွင်းရမယ် AB သွေးလိုနေတယ်။ ဘယ်သူမှ AB သွေးမဟုတ်လို့ ခက်ခဲနေကြတယ်"

မောင်အောင်ကိုတွေ့တော့ မနှင်းမျက်နှာ လန်းသလိုဖြစ်သွားပြီး မပွင့်တပွင့်လေးပြောသည်။

"ကိုက AB သွေးလေမနှင်းရဲ့ သွေးစစ်ဖူးလို့သိတယ်"

မောင်အောင်စကားကြောင့် မနှင်းအပြုံး ပိုပြီးအသက်ဝင်သွားသည်။

"ကျွန်တော် AB သွေးဗျာ၊ ကျွန်တော် AB သွေးဗျာ"

မောင်အောင် တာဝန်ကျဆရာမကို အားရဝမ်းသာ အော်ပြောလိုက်သည်။ သူနာပြုဆရာမလည်း ခပ်သွက်သွက်ပြေးထွက်ပြီး ဆရာဝန်ကို သတင်းပို့လိုက်သည်။ ကျွန်တော်တို့မှာ ရေငတ်တုန်း ရေတွင်းထဲကျသလို မျိုးအဖြစ်ကြောင့် အကုန်လုံးပဲ ဝမ်းသာသွားကြသည်။ မနှင်းအမေနှင့် အစ်မတို့မှာ ဝမ်းသာလွန်း၍ သားအမိ နှစ်ယောက်ဖက်ပြီး အားရပါးရ ရယ်မောလိုက်ကြသည်မှာ မျက်ရည်များပင်လည်ခဲ့ပြီ။

သိပ်တောင်မကြာ မောင်အောင်နှင့် မနှင်း ခုတင် နှစ်လုံးယှဉ်လျက်ပင် AB သွေးပိုင်ရှင်များဖြစ်ကြသော သားသားကလေး၏မိဘများမှာ သွေးသွင်းကြိုးကလေးတန်းလန်းနဲ့ မေတ္တာသွေး၊ အကြင်နာသွေးများ ပေးသူယူသူ အတူတူဖြစ်နေကြလေပြီ။

မောင်အောင်မှာ လူပင်ငယ်သော်လည်း အိမ်ထောင်သည်ဖြစ်ပြီဆိုကတည်းက မိသားစုစားဝတ်နေရေးပြဿနာသည် သူ့ခေါင်းပေါ်ရောက်နေခဲ့ပြီဟု အသိထဲ စွဲနေလေတော့သည်။ သို့ဖြစ်၍ ကိုယ့်ကျွန်းစဉ်ဒေသထွက်ကုန်များနှင့် အရောင်းအဝယ်လုပ်ပြီး ဝင်ငွေရရှိအောင် ကြိုးစားနေခဲ့သည်။ ယခုလည်း စစ်တွေမြို့တွင် ကောက်ညှင်းဆန်ဈေးကောင်းနေသည်ဟု ကြား၍ စစ်တွေမြို့သို့ ဆန်သွားရောင်းခြင်းဖြစ်သည်။ ယခုတော့ ကံသီပေ၍ တစ်နည်းအားဖြင့် ပတ်ဝန်းကျင်ကောင်းရှိနေပေ၍ မိသားစုဘဝကလေး ဆက်လက်ရှင်သန်ခွင့်ရခဲ့ပေတော့သည်ဟု မေတ္တာတေး သီကျူးလိုက်ရပေတော့သည်။

## အောင်မြင်လိုသော်

\- အောင်မြင်လို ဇွဲစိတ်တင်း
ကြိုးစားခြင်း မပျက်ရာ၊
တတ်ပညာ ဗဟုသုတ
ရှိကြကာသာ၊
လုံ့လနှင့် ဝီရိယလွှာ
သိကြပါ အမှန်အမှား၊
ဘဝတာ မကျရှုံးဖို့
ဆုံးဖြတ်စို့လား။

\- မိဘဆရာ ဆုံးမစကား
မှတ်သားလျက် လိုက်နာစေ၊
မူးယစ်လွှာ လောင်းကစား
ရှောင်ရှားပါလေ၊
မကောင်းမှု စိတ်မတွေဝေ
ကောင်းဖို့အခြေ ရည်မျှော်မှန်း
ကိုယ်လိုရာ ရောက်နိုင်ဖို့
ကြိုးစားလျှောက်လှမ်း။

\- လောကခံ ဘယ်သို့ကြမ်း
ရှင်လန်းလျက် ပြုံးပန်းစီ၊
မာနမာန် အတ္တတို့
ကင်းပစေရည်၊
မွန်မြတ်သည့် ကောင်းကျင့်တည်
ခေတ်စနစ်မီ ပြည့်စုံရေး၊
အပျင်းမဖက်ရာ မနားတမ်းဖြင့်
လှမ်းကြစို့လေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# ကန့်ကြီးထောင့်မြို့နယ်၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်း

**ကန့်ကြီးထောင့် ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပုသိမ်)တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက အနောက်စုကြီးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်က အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်၊ အခြေခံပညာအထက်တန်းကျောင်း(ပုသိမ်)မှ ကျောင်းအုပ်ကြီး ဦးအေးမင်းထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သဉ္ဇာညွန့်နှင့် တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆင်း လက်မှတ်များ၊ သင်တန်းတွင် ထူးချွန်သည့် သင်တန်းသားများကို ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှသင်တန်းသားဦးရေ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကို ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းကာလမှာ ဩဂုတ် ၄ ရက်မှ ဩဂုတ် ၂၃ ရက်ထိ ရက်ပေါင်း ၂၀ ကြာ သင်ကြားပို့ချခဲ့ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သဉ္ဇာညွန့်က ပြောပြ၍ သိရသည်။

**တေဇလင်း**

# BRICS ဆိုင်ရာမူဝါဒပြောင်းလဲရန်လိုအပ်လာသော အမေရိကန်




**❖ အိန္ဒိယနိုင်ငံသည် BRICS နှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ BRICS အဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်ဒေါ်လာအစား ဒေသတွင်းငွေကြေးဖြင့် အစားထိုးအသုံးပြုသွားရန် စီစဉ်လျက်ရှိသောကြောင့် အမေရိကန်၏ အင်အားအပေါ် ကန့်သတ်ထိန်းချုပ်မှုများဖြစ်ပေါ်လာလျက်ရှိသည်။ ထိုအတောအတွင်း တရုတ်နှင့်ရုရှားတို့သည် BRICS ကို ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိသဖြင့် အမေရိကန်မူဝါဒချမှတ်သူများအနေဖြင့် စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။ ❖**

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့်တောင်အာဖရိက ဟူသည့် BRICS အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ်ဘတ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ကြောင့် ဝါရှင်တန်ရှိ နိုင်ငံခြားရေးဆိုင်ရာ မူဝါဒရေးဆွဲသူများသည် ၎င်းအစည်းအဝေး၏အသံကို အလေးထားနားထောင်ခဲ့သည်မှာ အသေအချာပင်ဖြစ်သည်။

BRICS အဖွဲ့သည် မကြာသေးမီအချိန်အတွင်းကပင် အမေရိကန်၏ ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်မှုမူဝါဒကို စိန်ခေါ်လာလျက်ရှိသည်။ သံခင်းတမန်ခင်းနယ်ပယ်တွင် BRICS သည် ရုရှားအပေါ် အနောက်အုပ်စု၏ပိတ်ဆို့မှုကို တန်ပြန်ဆောင်ရွက်ခြင်းအားဖြင့် ယူကရိန်းဆိုင်ရာ အမေရိကန်၏ မဟာဗျူဟာကို အင်အားချည့်နဲ့စေခဲ့သည်။ စီးပွားရေးနယ်ပယ်တွင်လည်း အမေရိကန်ဒေါ်လာငွေကြေးတန်ဖိုးကို ပျော့အောင်ဆောင်ရွက်ခြင်းအားဖြင့် အမေရိကန်၏ လွှမ်းမိုးမှုကို တဖြည်းဖြည်းချင်းဖဲ့ထုတ်လျက်ရှိသည်။

လက်ရှိအချိန်တွင် BRICS သည် တရားဝင်အဖွဲ့ဝင်လျှောက်ထားသူ ၂၃ နိုင်ငံရှိသဖြင့် အဖွဲ့ဝင်အရေအတွက် တိုးချဲ့လျက်ရှိသည်။ BRICS အနေဖြင့် အီရန်၊ ကျူးဘားနှင့် ဗင်နီဇွဲလားတို့ကို အဖွဲ့ဝင်အသစ်များအဖြစ် လက်ခံသွားမည်ဆိုလျှင် အဖွဲ့၏ အမေရိကန်ဆန့်ကျင်ရေးရပ်တည်မှုသည် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်သည်။ ထိုသို့တိုးချဲ့ဖွဲ့စည်းသွားမည်ဆိုလျှင် ဝါရှင်တန်အနေဖြင့် မည်သို့တုံ့ပြန်ဆောင်ရွက်သွားမလဲဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။

အမေရိကန် Tufts တက္ကသိုလ်မှလေ့လာရေးအဖွဲ့သည် အင်အားကြီးထွားလာသော မဟာမိတ်များအကြောင်းကို သုတေသနပြုလုပ်လျက်ရှိသည်။ ၎င်းအဖွဲ့သည် BRICS အဖွဲ့၏ ပြောင်းလဲတိုးတက်လာမှုနှင့် အမေရိကန်နှင့်ဆက်ဆံရေးတို့ကို လေ့လာသုံးသပ်လျက်ရှိသည်။ တရုတ်လွှမ်းမိုးသော BRICS အဖွဲ့သည် အမေရိကန်ဆန့်ကျင်သော မူဝါဒများချမှတ်လျက်ရှိကြောင်း ၎င်းအဖွဲ့က သုံးသပ်ပြောဆိုလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးမှုမရှိသော နိုင်ငံပေါင်းစုံပါဝင်သည့် ကမ္ဘာ့အခင်းအကျင်းကို အဆိုပြုလျက်ရှိပြီး BRICS အဖွဲ့ဝင်နိုင်ငံများသည် ဘုံဖွံ့ဖြိုးတိုးတက်မှုအကျိုးစီးပွားများအတွက် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် BRICS အဖွဲ့သည် ဝါရှင်တန်၏ ပထဝီနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာရည်မှန်းချက်များကို စိန်ခေါ်နိုင်မည့် အဖွဲ့အစည်းအဖြစ် ပြောင်းလဲဖြစ်ပေါ်လာလျက်ရှိသည်။အမေရိကန်အနေဖြင့် BRICS အဖွဲ့ကိုတစ်စိုက်မတ်မတ် လျစ်လျူရှုထားသော်လည်း လက်ရှိအချိန်တွင် ရွေးချယ်ရန် နည်းလမ်းမရှိတော့ပေ။

BRICS အဖွဲ့သည် ၂၀၀၈ ခုနှစ်တွင် စတင်ဖွဲ့စည်းစဉ်က ကမ္ဘာ့အင်အားကြီးအမေရိကန်နှင့် ပွတ်တိုက်မှုကို ရှောင်ရှားသွားရန်ရည်ရွယ်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး ဆယ်လ်ဆိုအမိုရီမင်က မိမိတို့အနေဖြင့် ဆုံးဖြတ်ချက်ပေးနိုင်သောအဖွဲ့အစည်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဒီမိုကရက်တစ်ကမ္ဘာကြီးကို တည်ဆောက်သွားသင့်ကြောင်း၊ BRICS အဖွဲ့ဝင်နိုင်ငံများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာစီးပွားရေးမူဝါဒများ ပိုမိုဟန်ချက်ထိန်းညှိနိုင်ရေးအတွက် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကြား ချိတ်ဆက်ပေးသောတံတားတစ်စင်းအဖြစ် ရှုမြင်ကြောင်း ပြောကြားသွားခဲ့သည်။

BRICS အဖွဲ့အနေဖြင့် အမေရိကန်ဆန့်ကျင်ရေးမူဝါဒကို ရှောင်ရှားလျက်ရှိသော်လည်း အဖွဲ့ဝင်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုသည် အမေရိကန်ကို အင်အားချည့်နဲ့လာစေလျက်ရှိသည်။ BRICS ၏ ပူးပေါင်းဆောင်ရွက်မှုသည် တတိယပါတီကိုတိုက်ရိုက်ဆန့်ကျင်မှုမဖြစ်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် BRICS ထိပ်သီးညီလာခံ၌ အတိအလင်း ထုတ်ပြန်သွားခဲ့သည်။ တရုတ်-ရုရှား ပူးပေါင်းဆောင်ရွက်မှုနှင့် အိန္ဒိယ၊ ဘရာဇီး၊ တောင်အာဖရိကသုံးနိုင်ငံ ဆွေးနွေးညှိနှိုင်းမှုတို့သည် တည်ရှိပြီးနိုင်ငံပေါင်းစုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအင်အားတောင့်တင်းလာစေခဲ့သည်။

လက်ရှိအချိန်တွင် အင်အားတောင့်တင်းခိုင်မာသော BRICS အဖွဲ့သည် ကမ္ဘာ့လူဦးရေ၏ ၄၁ ရာခိုင်နှုန်း၊ ကမ္ဘာ့ GDP ၏ ၃၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု၏ ၁၆ ရာခိုင်နှုန်းထိရှိနေပြီဖြစ်သည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားမည်ဆိုလျှင် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်သည်။

ယူကရိန်းစစ်ပွဲကာလအတွင်း BRICS အဖွဲ့မှ ရုရှား၏ မိတ်ဖက်နိုင်ငံများသည် အနောက်နိုင်ငံများက ပိတ်ဆို့မှုများ လုပ်ဆောင်ရာတွင် ရုရှား၏ စီးပွားရေးနှင့် သံခင်းတမန်ခင်းဆိုင်ရာ ဆက်ဆံရေးကို ခိုင်မာအားကောင်းအောင် ပံ့ပိုးကူညီခဲ့သည်။ ဘရာဇီး၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့သည် ၂၀၂၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော BRICS အခမ်းအနား ၁၆၆ ကြိမ်တွင် ရုရှားနှင့်ထိတွေ့ဆက်ဆံမှုများလုပ်ဆောင်ခဲ့သည်။ အချို့သောနိုင်ငံများသည် ရုရှားအတွက်အရေးပါသော ပြည်ပဈေးကွက်ကြီးဖြစ်ခဲ့သည်။

BRICS သည် အဖွဲ့ဝင်နိုင်ငံများကြား နယ်ပယ်သစ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းအားဖြင့် သိသာထင်ရှားသောတိုးတက်မှုများရှိခဲ့သည်။ BRICS နိုင်ငံများသည် ၂၀၀၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း စီးပွားရေးနှင့်လုံခြုံရေးမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်မူဝါဒ ၇၈ ခုချမှတ်နိုင်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများသည် စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့်ဘဏ္ဍာရေးတို့အတွက် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် BRICS သည် အမေရိကန်နှင့် တင်းမာမှုများလျှော့ချခဲ့ပြီး BRICS ၏မူဝါဒများနှင့် အမေရိကန်၏ မူဝါဒများကြား မတူကွဲပြားမှုများကို တတ်နိုင်သမျှ လျှော့ချခဲ့သည်။ သို့သော် BRICS သည် အုပ်စုအဖြစ်ပြောင်းလဲလာပြီး ကမ္ဘာလုံးဆိုင်ရာ အမေရိကန်အကျိုးစီးပွားများ မြင့်တက်လာသည့်အချိန်တွင် အမေရိကန်နှင့် BRICS ကြား တင်းမာမှုများမြင့်တက်လာလေ့ရှိသည်။

သာဓကအနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း ရုရှားနိုင်ငံသည် BRICS သဘာပတိတာဝန်ထမ်းဆောင်ချိန်တွင် အပြောင်းအလဲများဖြစ်ပေါ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ကရိုင်းမီးယားအရေးနှင့်စပ်လျဉ်း၍ အနောက်အုပ်စုက ပိတ်ဆို့မှုများချမှတ်သည့်အချိန်တွင် ရုရှားနိုင်ငံအနေဖြင့် တရုတ်အပြင် BRICS နှင့် ဆက်ဆံရေးတိုးမြှင့်ခဲ့သည်။ ရုရှားနိုင်ငံအနေဖြင့် အနောက်အုပ်စုဦးဆောင်သော အင်စတီကျူးရှင်းများနေရာတွင် အစားထိုးနိုင်မည့်အဖွဲ့အစည်းများ ရှာဖွေလျက်ရှိသည်။

အလားတူ အမေရိကန်၏နီးစပ်သောမဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံဖြစ်သည့် အိန္ဒိယအနေဖြင့်လည်း BRICS အဖွဲ့တွင် အရေးပါလျက်ရှိသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံသည် BRICS နှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ BRICS အဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်ဒေါ်လာအစား ဒေသတွင်းငွေကြေးဖြင့် အစားထိုးအသုံးပြုသွားရန် စီစဉ်လျက်ရှိသောကြောင့် အမေရိကန်၏ အင်အားအပေါ် ကန့်သတ်ထိန်းချုပ်မှုများဖြစ်ပေါ်လာလျက်ရှိသည်။ ထိုအတောအတွင်း တရုတ်နှင့်ရုရှားတို့သည် BRICS ကို ပြုပြင်ပြောင်းလဲမှုများဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိသဖြင့် အမေရိကန်မူဝါဒချမှတ်သူများအနေဖြင့် စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။

လက်ရှိအချိန်ထိ အမေရိကန်မူဝါဒသည် BRICS ကို လျစ်လျူရှုပြီး အမေရိကန်နိုင်ငံခြားရေးနှင့် ကာကွယ်ရေးမူဝါဒသည် ဒေသအလိုက်သာ အလေးထားချမှတ် အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်ကာလအတွင်း အမေရိကန်သည် အရှေ့အလယ်ပိုင်းဒေသမှသည် အာရှဒေသကိုထောက်ပံ့ပေးလျက်ရှိပြီး မကြာသေးမီအချိန်အတွင်းကပင် အင်ဒို-ပစိဖိတ်ဒေသကို ဦးတည်လာခဲ့သည်။

အမေရိကန်အနေဖြင့် တရုတ်နှင့် တင်းမာမှုကို ကိုင်တွယ်ဖြေရှင်းရင်း ရုရှားနိုင်ငံကို အထီးကျန်အောင် လုပ်ဆောင်လျက် ဘရာဇီး၊ အိန္ဒိယ၊ တောင်အာဖရိကတို့နှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်အောင် ကြိုးပမ်းလျက်ရှိသည်။ ဘိုင်ဒင်အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်မှာ BRICS အဖွဲ့၏လုပ်ငန်းလည်ပတ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ အမေရိကန်အကျိုးစီးပွားများအပေါ် သက်ရောက်မှုများကို နားလည်သဘောပေါက်ရန်ပင်ဖြစ်သည်။

BRICS အဖွဲ့ဝင်နိုင်ငံတိုးချဲ့မှုနှင့်စပ်လျဉ်း၍ မေးခွန်းများထွက်ပေါ်နေစဉ် အီဂျစ်နှင့်အယ်ဂျီးရီးယားတို့ကဲ့သို့သော အမေရိကန်၏ မဟာမိတ်များသည် BRICS တွင် ပူးပေါင်းသွားရန် ဆန္ဒရှိနေသဖြင့် ဘိုင်ဒင်အစိုးရက ၎င်း၏မဟာမိတ်များကို ရပ်တည်ချက်ရွေးချယ်ရန် ဖိအားပေးသွားမည်မဟုတ်ကြောင်း ပြောဆိုလျက်ရှိသည်။ နိုင်ငံတကာမှ BRICS တွင်ပါဝင်ရန် တောင်းဆိုမှုများမြင့်တက်လာခြင်းသည် ဝါရှင်တန်အနေဖြင့် မူဝါဒများပြုပြင်ပြောင်းလဲချမှတ်ရန်လိုအပ်ကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

BRICS ကို အာရုံစိုက်သောမူဝါဒရေးဆွဲခြင်းသည် အမေရိကန်အတွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလိုအပ်ချက်များဖြေရှင်းရေးအတွက် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ မိတ်ဆွေဒီမိုကရေစီနိုင်ငံများနှင့် အခြားနိုင်ငံများကို ခွဲခြားဆက်ဆံသည်ထက် BRICS ကိုအာရုံစိုက်သောမူဝါဒသည် ဘိုင်ဒင်အစိုးရကို ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မည့်အပြင် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများနှင့် အမေရိကန်တို့ကြားဆက်ဆံရေးကိုလည်း တွန်းအားတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် ဘိုင်ဒင်အစိုးရအနေဖြင့် အိန္ဒိယ၊ ဘရာဇီး၊ တောင်အာဖရိကအပြင် BRICS အဖွဲ့ဝင်သစ်ဖြစ်လာမည့်နိုင်ငံများနှင့်လည်း နက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် AI ဖွံ့ဖြိုးတိုးတက်မှုနှင့် အုပ်ချုပ်မှု၊ စွမ်းအင်လုံခြုံမှု၊ဓာတုဇီဝလက်နက်များအသုံးပြုမှုနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာကန့်သတ်ထိန်းချုပ်မှုများကဲ့သို့သော မူဝါဒများညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရေး BRICS အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ပေသည်။ BRICS ဆိုင်ရာမူဝါဒတိုးတက်လာခြင်းသည် အမေရိကန်၏မူဝါဒများပြန်လည်ဆန်းသစ်ရေးကို အထောက်အကူပြုမည့်အပြင် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းတွင်လည်း အမေရိကန်၏ ရပ်တည်ချက်ကို ပြသနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **Time for US to develop a BRICS policy by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ပြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

## ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက် ၁၀၃၀၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၃၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၉၆၉၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၁၀၃၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မိုးရာသီမှာ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးနေပါပြီ။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၇၁၀၊ ကနီမြို့နယ်တွင် ဧက ၅၄၃၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၂၁၂ ဧက နှင့် ပုလဲမြို့နယ်တွင် ၉၅၅ ဧက စုစုပေါင်း ၁၀၃၀၇ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၆၀၂၇ ဧက၊ ကနီမြို့နယ်တွင် ၅၅၆၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၆၅၅၀ နှင့် ပုလဲမြို့နယ်တွင် ၁၅၅၄ ဧက စုစုပေါင်း ၁၉၆၉၈ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ စိုက်နည်းစနစ်များ မှန်ကန်စေရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရန်၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲနိုင်ရန် အသိပညာပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျေးရွာ၌ မြေသားရေကန်ကျောက်ကြီးပေါင်စီနိုင်ရန် စစ်ဆေး

**ပုဏ္ဏားကျွန်း ဩဂုတ် ၂၄**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆင်အင်းကြီးကျေးရွာ၌ သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ မြေသားရေကန်အမာခံကျောက်ကြီးပေါင်စီခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုဏ္ဏားကျွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိန္ဒာကျော်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဆင်အင်းကြီးကျေးရွာ၌ မြေသားရေကန် အမာခံကျောက်ကြီး ပေါင်စီခြင်းလုပ်ငန်းဆောင်ရွက်မည့်နေရာအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျောက်ကြီးပေါင်စီခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများကဝိုင်းဝန်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျေးရွာ၌ အလျား ပေ ၁၀၀၊ အနံ ပေ ၅၀၊ အမြင့် ၂၅ ပေ မြေသားရေကန်အမာခံကျောက်ကြီးပေါင်စီခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပုဏ္ဏားကျွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်အိန္ဒာကျော်က ပြောပြ၍ သိရသည်။ **စင်မာ**

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# စနေနေ့ညမှာကစားမဲ့ ဥရောပထိပ်သီးကလပ်ပွဲစဉ်တွေထဲက အိမ်ကွင်းကစားပုံတည်ငြိမ်တဲ့ ဘရိုက်တန်အသင်း၊ အေစီမီလန်အသင်း၊ ဆီဗီလာအသင်းတို့ကို အားပေးရမှာပါ

ML



စနေနေ့ညမှာကစားမဲ့ ဥရောပထိပ်သီးကလပ်တွေထဲက ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာအုံးမှာ သေချာပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ပွဲစဉ်တွေမှာ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေ ရှိခဲ့ပေမဲ့ အိမ်ရှင်အသင်းတွေကသာ နိုင်ပွဲရယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အချို့အသင်းတွေအနေနဲ့ အခုအပြောင်းအရွှေ့မှာ ခေါ်ယူထားတဲ့ ကစားသမားသစ်တွေနဲ့ အထိုင်ကျဖို့ အချိန်ယူရမှာဖြစ်တာကြောင့် ကစားသမားသစ်ခေါ်ယူမှုများပြားနေတဲ့ အသင်းတွေကိုလဲ သတိထားချဉ်းကပ်ရမှာပါ။ လာမဲ့ စနေနေ့ညမှာတော့ ရာသီအစပွဲစဉ်တွေမှာ နိုင်ပွဲပျောက်ဆုံးနေတဲ့အသင်းတွေနဲ့ အိမ်ကွင်းကစားပုံတည်ငြိမ်နေတဲ့အသင်းတွေကိုသာ ဆက်လက်အားပေးရမှာပါ။

**ဘရိုက်တန်အသင်းနဲ့လက်တွဲရမှာပါ**

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘရိုက်တန်အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘရိုက်တန်အသင်းအနေနဲ့ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မှာ လူတန်အသင်းနဲ့တွေ့ဆုံခဲ့လို့ ဘောလုံးပိုင်ဆိုင်မှု အသာထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု ၁၂ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး လေးဂိုး တစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ မီတိုမာ၊ ဂျာအိုပက်ထရို၊ ဆိုလီမက်တို့တိုက်စစ်အတွဲက ပြိုင်ဘက်ခံစစ်ကြောင်းကို အကောင်းဆုံးဖိအားပေးနိုင်ခဲ့လို့ ရမှတ်နိုင်ပွဲရှာနိုင်ခဲ့သလို ဒုတိယပွဲစဉ်မှာလဲ ပထမပွဲစဉ်က ပွဲထွက်လူစာရင်းကို အနည်းငယ်ပြောင်းလဲခဲ့ပြီး မီတိုမာ၊ ဆိုလီမက်၊ အန်စီဆိုတို့အတွဲက အတွဲဖက်မိခဲ့တာကြောင့် ဝုဗ်အသင်းခံစစ်ကြောင်း ထိန်းချုပ်ရခက်ခဲခဲ့ပြီး လေးဂိုးထိပေးလိုက်ရတာကို သတိပြုရမှာပါ။

ဝက်စ်ဟမ်းအသင်း အခုအပြောင်းအရွှေ့မှာ ဒီကလန်ရိုက် ထွက်ခွာသွားပေမဲ့ သူနေရာမှာ ပါကွီတာကို အသုံးပြုနေတာကို တွေ့ရမှာပါ။ လက်ရှိမှာ နည်းပြမိုယက်ဟာ ကွင်းလယ်ခံစစ်မှာ ပါကွီတာ၊ ဆူစက်တို့အတွဲကို အသုံးပြုနေသလို အေဂျက်က အက်ဆွန်အယ်ဗာရက်နဲ့ ဆောက်သမ်တန်က ဝက်ပရောက်စ်တို့ကိုလဲ ခေါ်ယူခဲ့တာကြောင့် ကွင်းလယ်ကစားအား ကျဆင်းသွားတာမရှိပါဘူး။ ဒါပေမဲ့ တိုက်စစ်ပိုင်းမှာ စကာမက်ကာကို ရောင်းချခဲ့ပြီး ကစားသမားသစ် အစားထိုးခေါ်ယူနိုင်ခြင်း မရှိသေးတာကြောင့် တိုက်စစ်ပိုင်းအားနည်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဘုန်းမောက်နဲ့တွေ့ဆုံခဲ့ပေမဲ့ တိုက်စစ်ကစားပုံအားနည်းခဲ့လို့ တစ်ဖက်တစ်ဂိုးနဲ့ သရေရလဒ်သာကစားနိုင်ခဲ့ပြီး ဒုတိယပွဲစဉ်မှာတော့ ချဲလ်ဆီးအသင်းကို တစ်ယောက်လျော့နဲ့ ကစားခဲ့တာတောင် သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီပွဲစဉ်မှာ ချဲလ်ဆီးအသင်းရဲ့ ခံစစ်ပိုင်းက လိုအပ်ချက်တွေရှိနေခဲ့တာကြောင့် ဝက်စ်ဟမ်းအသင်း ဂိုးရဖို့လွယ်ကူခဲ့ပေမဲ့ အခုပွဲစဉ်မှာတော့ တိုက်စစ်အကောင်းဆုံးဖြစ်နေတဲ့ ဘရိုက်တန်ကို ယှဉ်ကစားဖို့တော့ အခက်တွေ့မှာ သေချာပါတယ်။ ဒါ့ပြင် ခံစစ်က အက်ဂွါလဲ အနီကတ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာ မဟုတ်သလို အသစ်ခေါ်ယူထားတဲ့ မာဗရိုပန်နိုစ်လဲ ကြံ့ခိုင်မှုအားနည်းချက်ရှိနေလို့ ပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဘရိုက်တန်အသင်းပဲ နိုင်ပွဲရဖို့သေချာနေတာကြောင့် ဘရိုက်တန်အသင်းနဲ့လက်တွဲရမှာပါ။

**ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၀ | - | ၂ | ဘရိုက်တန် |
| ဘရိုက်တန် | ၁ | - | ၂ | နယူးကာဆယ် |
| ဘရိုက်တန် | ၁ | - | ၁ | ဗယ်လ်ကာနို |
| ဘရိုက်တန် | ၄ | - | ၁ | လူတန် |
| ဝုဗ် | ၁ | - | ၄ | ဘရိုက်တန် |

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရက်ဘရစ် | ၂ | - | ၂ | ဝက်စ်ဟမ်း |
| ရင်းနက် | ၃ | - | ၁ | ဝက်စ်ဟမ်း |
| လေဗာကူဆင် | ၄ | - | ၀ | ဝက်စ်ဟမ်း |
| ဘုန်းမောက် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၃ | - | ၁ | ချဲလ်ဆီး |

**အေစီမီလန်အသင်း ရလဒ်ကောင်းမှာပါ**

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ အေစီမီလန်နဲ့ တိုရီနိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ နွေရာသီကစားသမား အပြောင်းအရွှေ့မှာ ကွင်းလယ်ကစားသမား လော့တပ်ချိခ်၊ ပူလီဆစ်၊ မူဆာ၊ တိုက်စစ်မှူး အိုကာဖော်၊ ချူကွယ်ဇီတို့လို ကစားသမားတွေခေါ်ယူပြီး ကစားအားမြှင့်တင်ခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် နည်းပြပိုင်အိုလီအနေနဲ့ ပြီးခဲ့တဲ့ ရာသီက အသုံးပြုခဲ့တဲ့ ၄-၂-၃-၁ ကစားကွက်အစား ၄-၃-၃ ကစားပုံနဲ့ တိုက်စစ်အသားပေး ကစားလာခဲ့တာကြောင့် အဖွင့်ပွဲစဉ်မှာ အိမ်ကွင်းကစားပုံမာကျောတဲ့ ဘိုလော့နာအသင်းကို နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ တိုက်စစ်မှာ လီအို၊ ပူလီဆစ်၊ ဂီရော့ဒ်တို့ကို တွဲဖက်အသုံးပြုလာပြီး ဂီရော့ဒ်နဲ့ ပူလီဆစ်တို့က တစ်ဂိုးစီသွင်းယူခဲ့ကာ အဖွင့်ပွဲစဉ်ကို နိုင်ပွဲရှာနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အေစီမီလန်ဟာ ဘန်နာဆာတစ်ဦးသာ ဒဏ်ရာကြောင့်မပါဝင်နိုင်ပေမဲ့ ကျန်ကစားသမားအားလုံး ကစားနိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာ မဟုတ်သလို အသစ်ခေါ်ယူထားတဲ့ ကစားသမားတွေ ခြေစွမ်းပြသနိုင်မှုကြောင့်လဲ နောက်ထပ်နိုင်ပွဲတစ်ပွဲ ရှာတွေ့အုံးမှာသေချာပါတယ်။

တိုရီနိုအသင်းဟာ အဓိက ကစားသမား ခေါ်ယူမှုအဖြစ် ဝက်စ်ဟမ်းအသင်းက ဗလာဆစ်တစ်ဦးသာ ခေါ်ယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ကက်ဂလီယာရီလို အသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ တိုက်စစ်ကစားသမားတွေ ဂိုးပေါက်ပျောက်ဆုံးနေတာကြောင့် နိုင်ပွဲရဖို့ ခက်ခဲခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းတိုက်စစ်ပိုင်းကို ဆာနာဘရီယာ၊ ဗလာဆစ်တို့ဦးဆောင်လာပေမဲ့ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု နှစ်ကြိမ်သာပြုလုပ်နိုင်ခဲ့ပြီး သရေတစ်မှတ်သာ ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကစားသမားလိုအပ်ချက်တွေကို မဖြည့်ဆည်းနိုင်ခဲ့တာကြောင့် ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာလဲ ပြိုင်ဘက်ရဲ့ ဖိအားပေးမှုကို ခံခဲ့ရပြီး သရေတစ်မှတ်ရဖို့ ရုန်းကန်ခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အေစီမီလန်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ အိမ်ကွင်းပွဲစဉ်တွေမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်း နိုင်ပွဲမရခဲ့ဘဲ အေစီမီလန်ကပဲ အသာရယူနိုင်ခဲ့တာကြောင့် အေစီမီလန်အသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၂ | အေစီမီလန် |
| အေစီမီလန် | ၀ | - | ၁ | ဘာစီလိုနာ |
| မွန်ဇာ | ၁ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၄ | - | ၂ | နီဗာရာ |
| ဘိုလော့နာ | ၀ | - | ၂ | အေစီမီလန် |

**တိုရီနိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၂ | - | ၁ | မိုဒီနာ |
| လန်း | ၀ | - | ၀ | တိုရီနို |
| ရိမ်း | ၂ | - | ၁ | တိုရီနို |
| တိုရီနို | ၂ | - | ၁ | ဖာရယ်ပီစာလို |
| တိုရီနို | ၀ | - | ၀ | ကက်ဂလီယာရီ |

**ဆီဗီလာအသင်းကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆီဗီလာအသင်းနဲ့ ဂျီရိုနာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ အခုရာသီမှာ နိုင်ပွဲမရသေးဘဲ ရလဒ်ပိုင်းကျဆင်းနေပေမဲ့ တိုက်စစ်ပိုင်းက ပြီးခဲ့တဲ့သုံးပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဗလင်စီယာကို အိမ်ကွင်းမှာ ဧည့်ခံကစားခဲ့ရပေမဲ့ ခံစစ်ပိုင်းလိုအပ်ချက်ကြောင့် ပွဲပြီးဆုံးခါနီးမှ ဂိုးပေးလိုက်ရပြီး နှစ်ဂိုတစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် မန်စီးတီးအသင်းနဲ့ စူပါကပ်ပွဲစဉ်မှာလဲ မန်စီးတီးအသင်းကို ဦးဆောင်ထားနိုင်ခဲ့ပြီး ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့ပေမဲ့ ခံစစ်ကစားပုံ အားနည်းချက်ကြောင့် ဒုတိယပိုင်းမှာ ချေပဂိုးပေးလိုက်ရပြီး သရေထွက်ပေါ်ခဲ့လို့ ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာမှာ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲမှာလဲ တန်းတက်အလာဗက်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသားပေးကစားခဲ့ပေမဲ့ ထိရောက်တဲ့ခြိမ်းခြောက်မှုမလုပ်နိုင်ခဲ့ဘဲ လေးဂိုးသုံးဂိုးနဲ့ ထပ်မံရှုံးခဲ့တာကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် မဖြစ်မနေနိုင်ပွဲရှာရမဲ့ ပွဲစဉ်ဖြစ်နေတာကို တွေ့ရမှာပါ။

ဂျီရိုနာအသင်းဟာ အဓိက ကစားသမားသစ်ခေါ်ယူမှုတွေ မပြုလုပ်နိုင်ပေမဲ့ အသင်းလိုက်ကစားအား ကောင်းနေတာကြောင့် ပြီးခဲ့တဲ့ အမှတ်ပေးပွဲနှစ်ပွဲကို ရှုံးနိမ့်ခဲ့ခြင်းမရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ အိမ်ကွင်းကစားပုံကောင်းတဲ့ ဆိုစီဒက်အသင်းနဲ့ ကစားခဲ့ရပေမဲ့ အပြန်အလှန်တိုက်စစ်ဆင်မှုတွေနဲ့ကစားနိုင်ခဲ့ပြီး သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲစဉ်ဖြစ်တဲ့ ဂီတာဖေးနဲ့ ပွဲစဉ်မှာ သူတို့အသင်းတိုက်စစ်ကို စတူအာနီက ဦးဆောင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ဒဏ်ရာရ ကစားသမားရှစ်ဦးထိ ရှိနေတာကြောင့် ဆီဗီလာလို တိုက်စစ်ထက်မြက်တဲ့ အသင်းကိုတော့ ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ မလွယ်ပါဘူး။ အခုပွဲစဉ်မှာတော့ ရမှတ်တစ်မှတ်မှ မရသေးတဲ့ ဆီဗီလာအသင်း အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရှာရမှာဖြစ်တာကြောင့် တိုက်စစ်မြှင့်တင်လာမဲ့ အိမ်ရှင်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၀ | ဆီဗီလာ |
| အေတီကို | ၁ | - | ၁ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၂ | ဗလင်စီယာ |
| မန်စီးတီး | ၁ | - | ၁ | ဆီဗီလာ |
| အလာဗက် | ၄ | - | ၃ | ဆီဗီလာ |

**ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘလက်ဘန်း | ၂ | - | ၃ | ဂျီရိုနာ |
| နာပိုလီ | ၁ | - | ၁ | ဂျီရိုနာ |
| ဂျီရိုနာ | ၂ | - | ၁ | လာဇီယို |
| ဆိုစီဒက် | ၁ | - | ၁ | ဂျီရိုနာ |
| ဂျီရိုနာ | ၃ | - | ၀ | ဂီတာဖေး |

**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card Bill ပေးခြင်း၊

Internet Bill ပေးဆောင်ခြင်း၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း၊ ပြည်ပငွေလွှဲ (ထိုင်း)



**အငြိမ်းစား လစာ အပါအဝင် ငွေဝိုင်ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။**

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**ထာဝရလှပသော အပြုံးအတွက်**

**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

# DENTOMEC





FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## အရောင်းစာရေးမအလိုရှိသည်

- ဘွဲ့ကြို / ဘွဲ့ရရှိပြီးသူ / အထက်တန်းအဆင့်အောင်မြင်သူဖြစ်ရမည်။
- အသက် (25)နှစ်အောက်၊ မန္တလေးမြို့တွင်းနေထိုင်သူဖြစ်ရမည်။
- လိပ်စာ/ ဆိုင်အမှတ်(၁)၊ (၄၇၆)၊ လမ်း 80၊ 29×30 ကြား၊ မန္တလေးမြို့။ 02-4035476

**" ဝိန့်လီ " ရွှေဆိုင်**

## ပင်လယ်စာပြန့်ချိရေးမှ ဝန်ထမ်းအမြန်အလိုရှိသည်

- **ယာဉ်မောင်း** - ကျား (၃)ဦး
(ခ)ယာဉ်မောင်းလိုင်စင်ရှိရမည်။ အခြေခံလစာ- **230000**/ ရက်မှန်ကြေး **20000**
- **ကုန်တင်ကုန်ချ** - ကျား (၅)ဦး
အခြေခံလစာ- **245000** / ရက်မှန်ကြေး **30000**
- **ဆိုင်ကယ်ဖြင့်ပစ္စည်းပို့** - ကျား (၃)ဦး
လူလိုင်စင်ရှိရမည်။ အခြေခံလစာ- **220000** / ရက်မှန်ကြေး **20000**

မှတ်ချက်။ ။ နေစရာပေးသည်။ စားစရာမပါ။ အသက် (၂၃-၃၅)အတွင်း။
ရေရှည်လုပ်ကိုင်နိုင်သူကိုသာ ဦးစားပေးခေါ်ပါမည်။
လျှောက်ထားလိုပါက- CV Form ဖြင့် လူကိုယ်တိုင်လာရောက်၍ လျှောက်ထားနိုင်ပါသည်။ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုမိတ္တူ၊ ပူးတွဲတင်ပြပါရန်။
ဆက်သွယ်ရန်ဖုန်း- 09-750114426

**ဥတု ရာသီ တောက်ပို့မှိ**

## ကိုမင်းဇာနည်အောင်
## အသက်(၃၆)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွား၊ အကွက် (၁၃)၊ အုတ်စက်ရပ်နေ ဦးဝင်းမြင့်-ဒေါ်ယုယုဝင်း တို့၏ ချစ်လှစွာသော တစ်ဦးတည်းသောသား ကိုမင်းဇာနည်အောင် အသက် (၃၆)နှစ် သည် (၂၃-၈-၂၀၂၃)ရက်၊ (ဗုဒ္ဓဟူးနေ့) တွင် ဘဝတစ်ပါးသို့ ရုတ်တရက် ကူးပြောင်းကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းသန်းနွဲ့
## အသက် (၇၆)နှစ်

(E-49၊ ကံ့ကော်ရုံ၊ ပထမထပ်၊ ဈေးချို)

၂၉ လမ်း၊ ၈၈×၈၉၊ အကွက် (၂၅၃)၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်နေ (ဦးအေး+ဒေါ်အုန်းမြိုင်)တို့၏သမီး၊ (ဦးမောင်မောင်လေး)+ဒေါ်ခင်ဆန်း တို့၏အစ်မ၊ ဒေါ်ဖြိုးစန္ဒာဝင်း၊ ဒေါ်အေးစန္ဒာဝင်း၊ ဦးသူရမောင်မောင် တို့၏အဒေါ် **ဒေါ်သန်းသန်းနွဲ့ အသက် (၇၆)နှစ် (E-49၊ ကံ့ကော်ရုံ၊ ပထမထပ်၊ ဈေးချို)** သည် (၂၄-၈-၂၀၂၃)ရက်၊ နံနက် (၆း၄၅)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်ခဲ့ပြီး (၂၄-၈-၂၀၂၃)ရက်၊ မွန်းတည့် (၁၂း၀၀)နာရီတွင် အေးရိပ်ငြိမ် သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## စာရေးမတစ်ဦး အလိုရှိသည်

လစာ- ၁၈၀၀၀၀/-
ဒန်၊ သတ္တုဆိုင်
ဈေးချိုအနောက်ဘက်
၂၆×၂၇ ကြား၊ ၈၆×၈၇ ကြား
၀၉-၄၄၄၀၁၅၅၅၂

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ဇီးပင်ကွေ့ကျေးရွာနေ ဦးကျော်ထွန်း-ဒေါ်နီနီဝင်း တို့၏သမီးဖြစ်သူ **မတင်ဇာနီကျော် (၉/တတဥ(နိုင်)၁၃၇၁၉၀)** သည် ဖခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်ထွန်း**
**(၉/တတဥ(နိုင်)၀၀၆၄၃၄)**

❖ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး အဓိကထား ဆောင်ရွက်ရမည့် အချက်(၄)ချက်ဖြစ်သည့် လုပ်ငန်းသစ်များ အစပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲ အတားအဆီးများ လျှော့ချရေး၊ ရင်းနှီးမတည်ငွေ စီးဆင်းမှုလွယ်ကူချောမွေ့စေရေး၊ အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက်ဖြန့်ဝေမှု အားကောင်းစေခြင်းဖြင့် နိုင်ငံတကာထောက်ပံ့မှုကွင်းဆက် (International Supply Chain)ထဲသို့ ဝင်ရောက်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၇ ရက်တွင်ပြုလုပ်သော အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ်ချန်အိုချာ(ငြိမ်း)ထံသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်သွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော အထိမ်းအမှတ်အခါသမယတွင် မိမိမှ နွေးထွေးစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ချစ်ကြည်ရင်းနှီးစွာနှုတ်ခွန်းဆက်သလိုက်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု(၇၅)နှစ်ပြည့်မြောက်သည့်အထိမ်းအမှတ်သည် မိမိတို့၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာနယ်ပယ်တွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်နိုင်ရေး အတူတကွလက်တွဲဆောင်ရွက်မည့်ကတိကဝတ်ကို အားသစ်လောင်းရန် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်စေသည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

မိမိတို့၏ ထူးခြားမှုရှိသောနွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးတို့သည် နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်လိုက်သည့်အားလျော်စွာ မိမိတို့၏ စုပေါင်းစွမ်းအားမှတစ်ဆင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန် အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သော စိန်ရတုအထိမ်းအမှတ်အခါသမယတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ်ချန်အိုချာ(ငြိမ်း)ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ယခုနှစ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့်အထိမ်းအမှတ်အခါသမယဖြစ်သည့်အားလျော်စွာ အဆွေတော်နှင့်မြန်မာပြည်သူများထံသို့ မိမိအနေဖြင့် နွေးထွေးစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် ၇၅ နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးပြီး နီးကပ်မှုရှိသည့်ဆက်ဆံရေးကို တည်ဆောက်ခံစားလျက်ရှိပါသည်။ တူညီသောယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို အခြေခံသည့် မိမိတို့ပြည်သူများအကြား အားကောင်းသောထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် ခိုင်မာသည့်အုတ်မြစ်တစ်ရပ်ဖြစ်စေခဲ့ပါသည်။ ရှည်လျားသည့် နယ်နိမိတ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်များဖြစ်ကြသည့်အားလျော်စွာ မိမိတို့နှစ်နိုင်ငံသည်

စာမျက်နှာ ၁၈ ကော်လံ ၃ ☐

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။